
# ကိုယ်တွေ့ပရမတ္ထ

# တရားလေးပါးအလင်းပြ



ဉာဏာဓာဂိ မဟာထေရ်ဆရာတော်ကြီး၏ ပုံတော်

# မာတိကာ

| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမ ကန်တော့ခမ်း | ၁ |
| ၂။ | ခန္ဓာငါးပါး ရှင်းပြခြင်း။ | ၂ |
| ၃။ | ခန္ဓာငါးပါး ဖြစ်ပျက်ပုံကို ရှင်းပြခြင်း။ | ၃ |
| ၄။ | ရူပက္ခန္ဓာ သဘောကို ရှင်းပြခြင်း။ | ၃ |
| ၅။ | ဝေဒနက္ခန္ဓာ၏ သဘောရှင်းပြခြင်း။ | ၄ |
| ၆။ | သညက္ခန္ဓာ၏ သဘောကို ရှင်းပြခြင်း။ | ၅ |
| ၇။ | သင်္ခါရက္ခန္ဓာ၏ သဘောကို ရှင်းပြခြင်း။ | ၇ |
| ၈။ | ဝိညာဏက္ခန္ဓာ၏ သဘောကို ရှင်းပြခြင်း။ | ၈ |
| ၉။ | ပညတ် ပရမတ်တရားနှစ်ပါးကို ရှင်းပြခြင်း။ | ၁၃ |
| ၁၀။ | စိတ်ပရမတ်ဓါတ်ကို ရှင်းပြခြင်း။ | ၁၉ |
| ၁၁။ | စေတသိတ် (၅၂) ပါးကို ရှင်းပြခြင်း။ | ၂၁ |
| ၁၂။ | အညသမာန်း စေတသိက် (၉) ပါး ရှင်းပြခြင်း | ၂၂ |
| ၁၃။ | အာဝါသိက စေတသိက် (၂၉) ပါး ရှင်းပြခြင်း။ | ၂၃ |
| ၁၄။ | အာဂန္တုက စေတသိက် (၁၄) ပါး ရှင်းပြခြင်း။ | ၂၅ |
| ၁၅။ | ရူပက္ခန္ဓာ ရုပ်စစ် (၁၈) ပါးကို ရှင်းပြခြင်း။ | ၃၁ |
| ၁၆။ | ပထဝီရုပ်ဓါတ် သဘောရှင်းပြခြင်း။ | ၃၃ |
| ၁၇။ | အာပေါရုပ်ဓါတ် သဘောရှင်းပြခြင်း။ | ၃၅ |
| ၁၈။ | ဝါယောရုပ်ဓါတ်၏ သဘောရှင်းပြခြင်း။ | ၃၆ |
| ၁၉။ | တေဇောရုပ်ဓါတ် သဘောရှင်းပြခြင်း။ | ၄၀ |
| ၂၀။ | စက္ခုမျက်စိ အကြည်ဓါတ် ရှင်းပြခြင်း။ | ၄၃ |
| ၂၁။ | သောတ-နားအကြည်ဓါတ် ရှင်းပြခြင်း။ | ၄၄ |
| ၂၂။ | ဃာန-နှာခေါင်း အကြည်ဓါတ် ရှင်းပြခြင်း။ | ၄၄ |
| ၂၃။ | ဇိဝှာ-လျှာ အကြည်ဓါတ် ရှင်းပြခြင်း | ၄၄ |

| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | ကာယ-ကိုယ်အကြည်ဓါတ် ရှင်းပြခြင်း။ | ၄၅ |
| ၂၅။ | အာရုံဓါတ် ငါးပါးရှင်းပြခြင်း။ | ၄၅ |
| ၂၆။ | ဘာဝရုပ်-ဇီဝိတရုပ်-ဟဒယဝတ္ထုရုပ်-အာဟာရ ရုပ်များ ရှင်းပြခြင်း။ | ၄၆ |
| ၂၇။ | အသင်္ခတ နိဗ္ဗာန်ဓါတ် ရှင်းပြခြင်း။ | ၄၈ |
| ၂၈။ | သောတာပန်စခမ်း ရှင်းပြခြင်း။ | ၄၈ |
| ၂၉။ | သကဒါဂါမိ-အနာဂါမိ စခမ်းများ ရှင်းပြခြင်း။ | ၅၀ |
| ၃၀။ | အရဟတ္တဖိုလ် စခမ်း ရှင်းပြခြင်း။ | ၅၁ |
| ၃၁။ | အကုသိုလ် စေတသိက်တို့ကို နှင်ထုတ်နည်း ရှင်းပြခြင်း။ | ၅၃ |
| ၃၂။ | နိဗ္ဗာန်ရောက်ကြောင်း တရားများကိုအားထုတ်မှ ရနိုင်သော သာဓကများ။ | ၅၅ |
| ၃၃။ | ဝိပဿနာတရား အားထုတ်နည်းများ ရှင်းပြခြင်း။ | ၅၇ |
| ၃၄။ | လားရာဂတိမြဲကြောင်း သာဓကများ နှင့် ပေါ်သိစခမ်း။ | ၆၂ |
| ၃၅။ | သမထနှင့် ဝိပဿနာ ရှင်းပြခြင်း။ | ၆၅ |
| ၃၆။ | ယောဂီကြီး ဦးမြင့်က ဦးပါကို စစ်တန်းပေးခြင်း။ | ၇၂ |
| ၃၇။ | ယောဂီတိုင်း၌ မရှိအပ်သော တရားစုများ။ | ၈၉ |
| ၃၈။ | ယောဂီများ လေ့လာအပ်သော မဂ်လာ တရားတော်များ။ | ၉၀ |
| ၃၉။ | သိကြားမင်းအမေးနှင့် ဘုရားအဖြေ။ | ၉၂ |
| ၄၀။ | ပျင်းရိခြင်း အပြစ် (၆) ပါး။ | ၉၃ |
| ၄၁။ | ဆွေးနွေးမေးမြန်းခြင်း (၆) ပါး။ | ၉၄ |

# ပဏာမ - ကန်တော့ခမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပါရမီရင့်ကြက်-သာသနာဝက် (၂၅၀၀) သက်တွင်၊ မနုဿဘုံစဉ်၌ သန္ဓေဝင်ကြကုန်သော ဗုဒ္ဓဘာသာဝင်သူတော်စဉ် အပေါင်းတို့အား၊ ကိုယ်နှင့်မခြား ကရုဏာ သဒ္ဓါတရားထား၍၊ မြန်မာပြည်ကြီး အတွင်း၊ လှည့်လည်ခြင်းမပြီး - ကမ္မဋ္ဌာန်အသီးသီးသို့ နွေလ- ဝါပ- ခါသမယ များတွင်၊ တရားနာကြားကြရန် ဆန္ဒပြင်းထန် ရှိရင်းမှန်သော တကာ-တကာမတည့်ယောဂီတို့က မကြာခဏ ဇောမနသိကာရနှင့် လွတ်ကြသော အထောက်တော်တို့ကို မျှတသဘော ရှိလိုဇောနှင့် ရှေ့နောက်ချက်စဉ် မှတ်တမ်းတင်၍ နှစ်စဉ်နှစ်တိုင်း မဆိုင်းကြွသွားကိုယ်တွေ့ဝိပဿနာတရားထူးကို ဟောကြားပြသ၍ နေတော်မူရာ နိုင်ငံခြားသားပေါင်းဆုံ မြို့ရန်ကုန်ဌာန ရှစ်မိုင်စခမ်း သမိုင်းဖြတ်လမ်း၌။ သက်စွန့်ကြိုးပန်း ပြည်သူတို့ဝန်ကိုထမ်းကြရာတွင် မသန်မစွမ်း ငြိမ်းစားစခမ်းဟု သီးခြား မှတ်ထား ရဲဘော်တို့၏ ရိပ်သာနား၌ ဟောပြောနေ့စဉ် ပရဟိတ ကမ္မဋ္ဌာန စခမ်းတွင် ပဋိပတ် သာသနာပြု၍ နေတော်မူသော အနန္တငါးအင်ဂါ တပါးဝင်သော တရားရှင် ဥာဏစာရီ ဆရာတော်ကြီးအား၊ အဟံငါးစုခန္ဓာ အကျဉ်း ချုပ်ရာ။ ရုပ်နာမ် နှစ်ဖြာကို ခေါ်ဝေါ် မှတ်သား ပညတ် အားဖြင့် နာမည်ပေါ်လွင် ပါရမီရှင် တပည့်ယောဂီ ဦးမြင့်သည် ~~ရိုသေမြတ်နိုး ရှိခိုးရှု၍~~ ပဏာမတည်း။

## ခန္ဓာငါးပါး ရှင်းပြခြင်း။

ဝိပဿနာ အလုပ်တရားကို စ၍ဝင်ကြသော ယောဂီသူတော်စဉ်အပေါင်းတို့သည် ခန္ဓာငါးပါးရုပ်နာမ် တရားတို့ကို ကောင်းစွာပိုင်းခြား သိနားလည် ထားကြရန် ကိစ္စသည် ပဌမဦးစွာအရေးကြီးသော သင်ခန်းစာ တရပ်ပေးတည်း။ ပုထုဇဉ်မှန်သမျှ တို့သည် သိတတ်သောအချိန်အရွယ်မှစ၍ ခန္ဓာငါးပါးရုပ်နာမ်တရားစုတို့ကို ငါဟု စွဲလမ်း ထင်မြင် လာကြ သည်မှာ ယနေ့ထိပင် ဖြစ်ကြသည် ဤသို့ စွဲလမ်းမှုကြီးကို သက္ကာယ ဒိဋ္ဌိအတ္တ ငါစွဲ ဟူ၍ခေါ်သည် သက္ကာယပါဠိ၏ အဓိပ္ပါယ်ကား ဓါတ်ပေါင်းစုကို ဆိုလိုသည်၊ ဒိဋ္ဌိ အဓိပ္ပါယ်ကား အထင်မှား အမြင်မှား အယူမှား ဖြစ်ခြင်းကို ဆိုလိုသည်။ ၎င်းပါဠိစကား နှစ်လုံးကို ပေါင်း လိုက် သော် " သက္ကာယ-ဒိဋ္ဌိ " ၎င်း၏ အဓိပ္ပါယ် အစုံအလင်ကား - ဓါတ်ပေါင်းငါးပါး စု၍ဖြစ်ပေါ်တည်ရှိနေသော ခန္ဓာကြီးကို မှားယွင်းထင်မြင်၍ ငါ့ကိုယ်ကြီးဟု စွဲလမ်းနေမှုကိုခေါ်သည်။

ကမ္ဘာသူ-ကမ္ဘာသား၊ ပုထုဇဉ်အများတို့သည် ဤကဲ့သို့ ဘုရားဟောတရားတော်နှင့် ဒီလာဝင် ဆန့်ကျင်၍ သက္ကာယဒိဋ္ဌိ စွဲလမ်းနေမှုကြီးသည် သားစဉ်မြေးဆက်ဆွေစဉ်မျိုးဆက်ဖြစ်၍နေလေတော့၏ ဤစွဲလမ်းမှုကြီးကို ဖြိုဖျက်ရန် အရေးကြီးလှသဖြင့် ခန္ဓာငါးပါး၏ ဖြစ်ပျက်ပုံအကြောင်းစုံကို ပဌမဦးစွာ သိနားလည်ထားကျမှ အဇ္ဈတ္တ ဓါတ်တို့၏ သဘော-သဘာဝကို ကောင်းစွာ သိမြင်နိုင်ကြမည်ဖြစ်သောကြောင့် ခန္ဓာငါးပါး၏ ဖြစ်ပျက်ပုံအလုံးစုံကို ရှင်းပြပါအံ့။

## ခန္ဓာငါးပါး ဖြစ်ပျက်ပုံကို ရှင်းပြခြင်း။

ခန္ဓာငါးပါးတို့သည်ကား

၁။ ရူပက္ခန္ဓာ ဖေါက်ပြန်တတ်သောရုပ်တစု (ရုပ်)

၂။ ဝေဒနက္ခန္ဓာ။ အာရုံ၏ ကောင်း မကောင်းကို ခံစားတတ်သော ဝေဒနာတစု (နာမ်)

၃။ သညက္ခန္ဓာ။ အာရုံကိုမှတ်သားခြင်းလက္ခဏာ ရှိသော သညာတစု၊ (နာမ်)

၄။ သင်္ခါရက္ခန္ဓာ၊ ပေါင်းစုပြုပြင် စေ့ဆော်ပေးသော သင်္ခါရတစု ၎င်းကို စေတနာဟုလည်းခေါ်သည်၊ (နာမ်)

၅။ ဝိညာဏက္ခန္ဓာ။ အာရုံကို ညွတ်တတ်ခြင်းတွေ့ထိသောအာရုံကိုမှီ၍သိတတ်ခြင်း ရှိသော အသိ=ဝိညာဏ် ဝါ ဝိညာဉ်စိတ် တစု။ (နာမ်)

---

## ရူပက္ခန္ဓာ သဘောကိုရှင်းပြခြင်း။

ရူပက္ခန္ဓာ၊ ဖေါက်ပြန်တတ်သော ရုပ်တစုဆိုရာ၌၊ သတ္တဝါဟူသမျှတို့သည်၊ ဖြစ်ပေါ်ရရှိနေသောအာဂန္တုကရုပ်ခန္ဓာကိုယ်ကြီးကို ငါ့ကိုယ်ကြီးဟူ၍ စွဲလမ်းနေကြလေသည်။ စင်စစ်သော်ကား ထိုခန္ဓာ ကိုယ်ကြီးသည်၊ ပထဝီ မြေဓါတ် အာပေါ ရေဓါတ်။ ဝါယော လေဓါတ်။ တေဇော မီးဓါတ် တို့နှင့်တကွ

ဝဏ္ဏ အဆင်း၊ ဂန္ဓ အနံ့၊ ရသ အရသာ၊ ဩဇာဓါတ်ဆီ စသော ဓါတ်ရှစ်ပါးတို့၏ ဖွဲ့စပ် ပေါင်းစည်း အပ်သော အာနု ဘော်ကြောင့် ဖြစ်ပေါ် တည်ရှိနေသော ခန္ဓာကိုယ်ကြီး ဖြစ် သောကြောင့် ၎င်းခန္ဓာကိုယ်ကြီး အတွင်း၌ ထိုဓါတ်ရှစ်ပါးတို့ သည်၊ အမြဲမပြတ်ရှိနေကြ၏။ ထိုကြောင့် ၎င်းဓါတ်များ မျှတ နေကြလျှင် ခန္ဓာကိုယ်ကြီးသည် ဘေးဥပါဒ်မရှိ ကျန်းမာချမ်း သာစွာရှိနေ၍ ၎င်းဓါတ်များ မမျှတ၍ ဓါတ်တပါးပါး လွန်ကဲ ခြင်းဖြစ်လျှင်သော်၎င်း။ အားနည်းရပ်လျော့ ချို့ယွင်းနေသော အခါတွင်၎င်း၊ နေထိုင်မကောင်း၍ မကျန်းမာခြင်း ဖြစ်တတ် ကြလေသည်။ ထိုကြောင့်၍ကဲ့သို့ ဖြစ်ပေါ်မှုများသည်၊ အမှန် အားဖြင့် အဇ္ဈတ္တတွင်း ဓါတ်များဖေါက်ပြန်မှုပင်တည်း၊ ယင်း အကြောင်းများကြောင့် ၍ရုပ်ခန္ဓာကိုယ်ကြီးကို ဖေါက်ပြန်တတ် သော ရုပ်တစုဟူ၍ ခေါ်ဆိုသည်။

---

## ဝေဒနက္ခန္ဓာ၏ သဘောရှင်းပြခြင်း။

ဝေဒနက္ခန္ဓာ ဆိုသည်မှာ။ အာရုံအမျိုးမျိုး၏ အရသာ ကို ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ။ ခံစားတတ် သော သဘောကို ခေါ်သည်။ ထိုဝေဒနာစုသည် (၁) ချမ်း သာမှု ခံစားခြင်း။ (၂)ဆင်းရဲမှု ခံစားခြင်း။ (၃) ဆင်းရဲ လည်းမဟုတ် ချမ်းသာလည်း မဟုတ်သော သဘောကို ခံစား ခြင်းဟူ၍ သုံးမျိုးရှိ၏။ အကြည်ဒွါရ (၆)ပါးနှင့် အာရုံ ဓါတ် (၆)ပါးတို့ တွေ့ဆုံကြရာတွင် ဦးစွာ ခံစားမှုဖြစ်ရခြင်းကို ခေါ် သည်။ ဘယ်လိုတွေ့ဆုံခံစားကြပါသနည်းဟူမူ-

၁။ စက္ခု၊ မျက်စိအကြည်နှင့် ရူပအဆင်း တွေ့မြင်ခိုက်။
၂။ သောတ။ နား၊အကြည်နှင့် သဒ္ဒအသံ တွေ့ဆုံကြားခိုက်။
၃။ ဃာန၊ နှာခေါင်းအကြည်နှင့် ဂန္ဓအနံ့ တွေ့ဆုံနံခိုက်။
၄၊ ဇိဝှါ။ လျှာအကြည်နှင့် ရသ အရသာကို စားခိုက်။
၅ ကာယ။ ကိုယ်အကြည်နှင့် ဖေါဋ္ဌဗ္ဗ - တွေ့ထိမှု အာရုံတို့ တွေ့ဆုံခိုက်။
၆။ စိတ်မနောနှင့် သဘောကို ကြံသော အာရုံ တိုက်ဆိုင်ခိုက်။

ဤကဲ့သို့ အကြည်ဓါတ်(၆)ပါးနှင့် အာရုံ (၆) ပါးတို့ တွေ့ဆုံခိုက်၌ မြင် ခံစား၊ ကြား ခံစား။ နံ ခံစား။ စား ခံစား ထိ ခံစား။ ကြံ ခံစား ဟူ၍ {၆} ဌာနရှိရာဝယ်၊ သူ့ဌာန ဌာနနှင့်သူ ဆိုင်ရာအသီးသီးတွေ့ဆုံခိုက်၌ ကောင်းသည် ဖြစ်စေ မကောင်းသည်ဖြစ်စေ၊ ဝေဒနာ ခံစားမှုဖြစ်ပေါ်ရ၏။ ထိုကဲ့သို့ တွေ့ဆုံခံစားပြီးမှသာလျှင် သူ့နေရာနှင့်သူအသီးသီး၊ သိမှု ဝိညာဏ် (၆) ပါး ဖြစ်ပေါ်လာကြ၏။ ၎င်းတို့ကား၊ မြင်သိ။ ကြားသိ။ နံသိ။ စားသိ။ ထိသိ။ ကြံသိ။ ဟူ၍ သိမှုဝိညာဏ် {၆} ပါးတို့ ပေတည်း။ ထို အကြည်ဒွါရ {၆} ပါးနှင့် အာရုံ (၆) ပါးတို့ ကင်းကွာ ကြပြန် လျှင်လည်း။ အသီးသီး ပျောက်ကွယ်သွားကြကုန်၏။

---

## သညာက္ခန္ဓာ၏သဘောကို ရှင်းပြခြင်း။

သညာက္ခန္ဓာ။ မှတ်သားမှု တနည်းဆိုသည်မှာ ဒွါရအကြည် {၆}ပါးနှင့် အာရုံဓါတ် {၆} ပါးတို့ တွေ့ဆုံကြရာ၌၊ သူ့ဌာန နှင့်သူ အမျိုးမျိုး မှတ်သားမှု ဖြစ်ပေါ် လာကြသည်ကို ခေါ်သည်၊ ၎င်းတို့သည်လည်း (၆) မျိုးရှိ၏။

၁။ စက္ခုမျက်စိအကြည်နှင့်-ရူပါရုံ အဆင်းတို့တွေ့မြင်ခိုက်၌ ရူပသညာ အဆင်းကိုမှတ်သားမှု သညာဟူ၍ဖြစ်ပေါ်လာ၏(အဖြူ-အနီ-အကြောင်-အကျား အမဲ-အဝါ စသည်အားဖြင့် မှတ်သားခြင်းများပေတည်း)

၂။ သောတ, နားအကြည်နှင့် သဒ္ဒ,အသံအာရုံ တွေ့ဆုံကြားခိုက်၌ သဒ္ဒသညာ အသံကိုမှတ်သားမှုသညာဟူ၍ဖြစ်ပေါ်လာ၏ (လူသံ-နွားသံ-ခွေးသံ-ရထားသံ-ငှက်သံ-တူသံ-သေနပ်သံ- မျောက်အိုးသံ- ရေသံ-မိုးသံ-လေသံ-စသည်အားဖြင့်မှတ်သားခြင်းတို့ပေတည်း)

၃။ ဃာန နှာခေါင်းအကြည်နှင့် ဂန္ဓအနံ့အာရုံတို့ တွေ့ဆုံနံခိုက် ဂန္ဓသညာ အနံ့ကိုမှတ်သားမှုသညာဟူ၍ဖြစ်ပေါ်လာ၏။ ( အမွှေးနံ့-အပုပ်နံ့- ဆီနံ့-ထောပတ်နံ့-စသည်များကိုမှတ်သားခြင်းတို့ပေတည်း)

၄။ ဇိဝှါ,လျှာအကြည်နှင့် ရသ-အရသာ အာရုံတို့ တွေ့ဆုံစားခိုက် ရသ သညာ အရသာကိုမှတ်သားမှုသညာဟူ၍ဖြစ်ပေါ်လာ၏ ( ချိုသည်-ခါးသည် ဆိမ့်သည် ချဉ်သည် စသည်များကိုမှတ်သားခြင်းတို့ပေတည်း)

၅။ ကာယကိုယ်အကြည်နှင့်ဖေါဋ္ဌဗ္ဗတွေ့ထိမှုအာရုံတို့တွေ့ထိခိုက် ဖေါဋ္ဌဗ္ဗသညာ’ တွေ့ထိမှုကိုမှတ်သားခြင်းသညာဟူ၍ဖြစ်ပေါ်လာ၏( ပူသည်- အေးသည်- ကြမ်းသည် နူးသည်- ချောသည်- စူးသည်- စသည်များကိုမှတ်သားခြင်းတို့ပေတည်း)

၆။ စိတ်မနေသော့နှင့် သဘောကိုကြံသောအာရုံတို့ တိုက်ဆိုင်ခိုက်၌ မွေ့သညာ သဘောကို မှတ်သားမှုသညာဟူ၍ ဖြစ်ပေါ်လာ၏ ( လိမ္မာသည်- မိုက်မဲသည်- ယဉ်ကျေးသည်-ပညာရှိသည်-စသည်များကို မှတ်သားခြင်းတို့ပေတည်း ၎င်းမွေ့သညာသည် အလွန်များပြားလှ၏ ) ထိုကြောင့် အကြည်ဒွါရ (၆) ပါးနှင့် အာရုံဓါတ် (၆)ပါးတို့တွေ့ဆုံခိုက်၌ မြင်မှတ်သား ကြားမှတ်သား နံမှတ်သား စားမှတ်သား ထိမှတ်သား ကြံမှတ်သားဟူ၍ မှတ်သားမှုသညာ ဓါတ် (၆) ပါးတို့သည် ဆိုင်ရာဌာန အသီးသီးတို့၌ ယခု အသုံးပြု နေကြသော လောကီ လျှပ်စစ်ဓါတ်ကဲ့သို့ လျှင်မြန်သော မှတ်သားမှုများ တဖွားဖွား ဖြစ်ပေါ်လာ လေသည်။ အလွန်မြန်သဖြင့်။ ပုထုဇဉ်များ အမြင်မှား၊ အထင်မှားဖြစ်ကြခဲလသည်။

---

## သင်္ခါရက္ခန္ဓာ၏ သဘောကို ရှင်းပြခြင်း

သင်္ခါရက္ခန္ဓာဆိုသည်ကား ပေါင်းစုပြုပြင်စေ့ဆော်အားပေးခြင်း သဘောတရားစုတို့ကိုခေါ်သည် ထိုကြောင့်၍သင်္ခါရက္ခန္ဓာကို စေတနာဟုလည်းခေါ်သည်။

နာမ်ခန္ဓာ လေးပါး ( ၁ ) ဝေဒနာ ( ၂ ) သညာ (၃) သင်္ခါရ {ဝါ} စေတနာ (၄) ဝိညာဏ်ဟူ၍ရှိကြရာတွင် ခွန်အားကြီးသောစေတနာက ပေါင်းစုပြုပြင် စေ့ဆော်အားပေးမှသာ ကျန်သောနာမ်ခန္ဓာသုံးပါးတို့ အားအင်ပြည့်စုံကြ၏

ထိုကြောင့် စေတနာကို အားလုံးသော နာမ်ခန္ဓာစုတို့၏ ခွန်အားစုကြီးဟူ၍ဆိုအပ်သည်။ ဥပမာအားဖြင့် ထိုစေတနာသည် ရပ်ရွာထဲ၌ဩဇာအာဏာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကြီးတဦးနှင့် တူ၍၊ သူသည် ကိစ္စတခုကိုဆောင်ရွက်ရာတွင် အပေါင်းအဖေါ်သုံးဦးတို့ကိုလည်း ပေါင်းစုပြုလုပ်စေရန် တိုက်တွန်းနှိုးဆော်၏ သူကိုယ်တိုင်လည်း အတူဝင်ရောက်ပြုလုပ်၏ ထိုထက်ရှင်းသော ဥပမာတခုပြရလျှင် ရပ်ရွာထဲ၌ သစ်ဘုံးတခုကို ချီမ၍ နေရာပြောင်းရွှေ့ရန်ကိစ္စတခုရှိရာဝယ် စေတနာနှင့်တူသော ဩဇာတိက္ကမရှိသော ထိုလူကြီးသည် သူ၏အပေါင်းအဖေါ်သုံးဦးဖြစ်သော ဝေဒနာ သညာ ဝိညာဏ တို့ကိုခေါ်၍ လာဟော့ကူညီ၍ ချီမကြစမ်းဟုပြောဆိုပြီးလျှင် သူကိုယ်တိုင်လည်းချီမ၍ထိုသစ်တုံး၏ရွှေ့ပြောင်းမှုကို ဆောင်ရွက်အောင်မြင်စေသည်နှင့် တူလှ၏။ ယင်းသို့သောအကြောင်းများကြောင့် ၎င်းစေတနာကို မိမိတို့နာမ်ခန္ဓာအခြင်းခြင်း ပေါင်းစုပြုပြင်၍ ဆော့ဆော်အားပေးတတ်သော သဘောရှိသောကြောင့်။ သူ့ကို သင်္ခါရ (၀၁) စေတနာဟူ၍ခေါ်သည်။

---

## ဝိညာဏက္ခန္ဓာ၏-သဘောကို ရှင်းပြခြင်း။

ဝိညာဏက္ခာ ဆိုသည်ကား- အာရုံကို သွတ်တတ် ခြင်းသဘောသည်၎င်း။ အကြည်ဓါတ် (၆) ပါးနှင့် အာရုံဓါတ် (၆) ပါးတို့ တွေ့ဆုံကြရာတွင် သိတတ်သော သဘောကို၎င်း၊ ဝိညာဏ်ဟူ၍ ခေါ်သည်။ ၎င်းသိမှုဝိညာဏ်အကြောင်းကိုမူ ခံစားမှု ဝေဒနက္ခန္ဓာ ရှင်းတန်း၌လည်းရှင်းပြခဲ့လေပြီ။

ထိုကြောင့်အာရုံကို'ညွှတ်တတ်'သောသဘောကို ခွဲခြား၍ ပေါ်လွင်ထင်ရှားစေရန်ရှင်းပြပါအံ့ ဥပမာအားဖြင့် လူတယောက်သည် ထိုင်နေရာမှ 'ထ'သွားလိုစိတ်အာရုံဖြစ်ပေါ်လာသောအခါ ညွှတ်လာသောအခါ -ထ- ၍သွားတော့၏-ထ-သွားမှုကို ဘယ်နည်းအားဖြင့်ပြည့်စုံပါသနည်းဟူမူ-ထ-သွားလိုသောစိတ် ပဌမဖြစ်လာပြီးမှ တချိန်တည်းလိုပင်စေတနာက လှုံ့ဆော်အားပေးမှုကြောင့် ဝါယောရုပ်ဓါတ်က လှုပ်ရှားပေးသဖြင့်-ထ- သွားမှုကိစ္စတခုပြီးမြောက်လေတော့၏ အခြားတနည်းကား လူတဦး တယောက်ကို ရိုက်လိုသောစိတ် ဖြစ်ပေါ်ညွှတ်လာပြီးမှ ရိုက်လိုက်တော့၏ ဤနေရာတွင် ဓါတ်သဘောအမှန်အတိုင်းခွဲခြား၍ အသေးစိတ်ရှင်းပြရလျှင်( ၁ ) ရိုက်လိုသောစိတ်ညွှတ်လာတာက ဝိညာဏစိတ်၊( ၂ )ဝါယောလေဓါတ်ကို လှုံ့ဆော်တိုက်တွန်းမှုက စေတနာ။( ၃ )လှုပ်ရှား၍ ရိုက်လိုက်ထာက ဝါယော လေဓါတ်၏ အစွမ်း၊ အားလုံးသုံးဦးစလုံး ပြည့်စုံမှ ရိုက်မှုကိစ္စတခု အောင်မြင်လေတော့၏မိမိကိုယ်ခန္ဓာကိုဖြည်းညှင်းသာယာစွာ စဉ်းစား၍ပြုလုပ် စမ်းသပ်ကြည့်လျှင်ဓါတ်တရားမှန်ကိုတွေ့သိလိမ့်မည်၊ သို့သော်ထိုဆောင်ရွက်မှု ကိစ္စတို့သည် လျှပ်စစ်ဓါတ်ကဲ့သို့ အလွန် လျှင်မြန် အကျင့်ရနေသောကြောင့်။ ဘုရားဟော ဓါတ်သဘော သရုပ်ကို နားမရှင်းကြသေးသော ပုထုဇဉ်တို့က ငါရိုက်သည် ငါသွားသည် ငါစားသည် ဟု အထင် မှားအမြင်မှား ဖြစ်၍။ သက္ကာယ ဒိဋ္ဌိတရားကြီးစွဲလမ်းနေကြလေသည်(ဟဒယ နှစ်လုံး ရုပ်နှင့် သွေးလေကြောဘလောက်ပုံကိုစိတ်ခမ်းတွင်ပြထားပါသည် သေချာစွာကြည့်ပါလေ။)

'သိ' မှုသဘော ကလေးကို အနည်းငယ် ထပ်မံ၍ ရှင်းပြပါဦးအံ့။ ဥဘာစာဂိ ဆရာတော်ကြီး၏ ဩဝါဒကား ပိဋကတ်သုံးပုံနှင့်ရှိသမျှဒေသနာအားလုံးကို အကျဉ်း ချုံ့လိုက် သော် ရုပ်နှင့်နာမ်နှစ်ပါးသာတွေ့ရှိလိမ့်မည်ဟုဟောထားသည် 'ရုပ်' ဆိုသည်မှာ ဝိညာဏ်စိတ်နှင့် ကင်းကွာနေသည့် ဖြစ်စေ တပေါင်း တစီးတည်း အတူဖြစ်ပေါ်တည်ရှိနေသည်ဖြစ်စေ ဘာမျှမသိတတ်ပေ သို့သော် ဝိညာဏ်စိတ်နှင့်တွဲဖက်၍ ဇာဘိ ဖြစ်ပေါ်လာမှုကြောင့် နာမ်က ညွှတ်သမျှ ခိုင်းသမျှ အရုပ်ကို ကြိုးဆွဲဆရာက ဆွဲလိုက်တိုင်း ကခုန်ရဘိသကဲ့သို့ ရုပ်ကအမြဲ လိုက်၍ ဝါယော' လေဓါတ်၏ စွမ်းအားနှင့် လှုပ်ရှားပြုလုပ် နေရသေသည်၊ အနိစ္စရောက်၍ နာမ်ခွာသွားသောအသုဘ ရုပ်ကိုကြည့်ပါမူ ဤနည်းအတိုင်းပင် ရုပ်၏သဘောဖြစ်လေ သည်။ ထိုကြောင့် သိမှုအားလုံး၏အကြောင်းခံသည် နာမ် သာလျှင် ဖြစ်တော့၏။ ယင်းအကြောင်း များကြောင့် ပရမတ္ထ သစ္စာ အရိယာနယ် အားဖြင့် လူတကိုယ်လုံးကိုအကျဉ်းချုံ့ လိုက်သော် ကျား- မ- သူ- ငါ- အသက်- မရှိ- ရုပ်- နာမ် နှစ်ပါးသာ တွဲဖက်၍ ကမ္ဘာသူ ကမ္ဘာသားတွေ အထင်အမြင် မှားအောင် လုပ်ကိုင် ချယ်လှယ်နေခြင်း မျှသာ ဖြစ်ကြောင်း တရားကို ရှုကြကုန်သောယောဂီတိုင်း ထွင်းဖေါက်၍ ဝိပဿနာ ညာဏ်အတွင်းသို့ရောက်အောင် ပွားများရပေလိမ့်မည်။

မျက်စိအကြည်ရုပ်ဓါတ်သည် မှန်ကဲ့သို့ကြည်လင်သဖြင့် သူနှင့်မျက်နှာခြင်းဆိုင်အရပ်၌ ပေါ်လာသော အရာဝတ္ထု၊ ဟူသမျှ အကုန်သူ၏ အကြည်ဓါတ်ထဲ၌ ပေါ်နေ၏ သို့သော်- ရုပ်ဖြစ်ခြင်းကြောင့် သူကဘာမျှမသိရှာ မြင်ရုံသာ မြင်နေသည်

ခန္ဓာသဲက နာမ်ဓါတ် 'လေးပါး' က ခွဲခြားပြောမှုကြောင့်သာ သူ့ဆိုင်ရာဌာနနှင့်သူ အသီးသီး သိမှုခွဲခြားဖြစ်ပေါ်လာကြလေသည်။

ဘယ်လိုဖြစ်ပေါ်လာကြသနည်း ဟူမူ-

မျက်စိနှင့်အဆင်းကိုမြင် မြင်သိ ဝိညာဉ်စိတ်ပေါ်လာ၏

နားနှင့် အသံကိုကြား ကြား သိဝိညာဉ်စိတ်ပေါ်လာ၏။

နှာခေါင်းနှင့်အနံ့ကိုနံ နံသိ ဝိညာဉ်စိတ်ပေါ်လာ၏။

လျှာနှင့်အရသာကိုစား စားသိ ဝိညာဉ်စိတ် ပေါ်လာ၏။

ကိုယ်နှင့် တွေ့ထိမှုဖြစ်လျှင် ထိသိ ဝိညာဉ်စိတ် ပေါ်လာ၏။

စိတ်မနောနှင့် သဘောကိုကြံလျှင် ကြံသိ ဝိညာဉ်စိတ်ပေါ်လာ၏။

ဤသို့အပါးဖြင့်သူ့ဌာနနှင့်သူအသီးသီးဖြစ်ပေါ်ကြလေသည်။

ဥပမာအား ဖြင့်- လူတဦးသည် သူ၏မျက်စိ ရှေ့မှောက်သို့ ရောက်လာသော နွားထီးတကောင်သည်၊ သူ၏ မျက်စိထဲ၌ ပေါ်နေ၏ ဝါ မြင်နေ၏။ သူသည် တရားသဘော အမှန်အားဖြင့် ပဌမဦးစွာ မြင်ရုံသာ မြင်နေ၍ နွားဟူ၍၎င်း၊ အထီးဟူ၍၎င်း၊ တကောင်ဟူ၍၎င်း ဘာမျှမသိရှာပေ။ သို့သော် ခံစားမှု ဝေဒနာ မှတ်သားမှုသညာ သိမှု ဝိညာဏ်တို့ကို စေတနာက ပေါင်းစုပြုပြင်၍ စေ့ဆော် ပေးလိုက်သောအခါတွင် မြင်ခြင်းကို ခံစားမှု ဝေဒနာကြောင့် ဝိညာဏ် စိတ်က မြင်မှုကို " သိ၏ " သညာက နွားအထီးတကောင်ဟူ၍ မှတ်သားလိုက်၏။ ဤနည်း

အားဖြင့် နာမ်ခန္ဓာ လေးပါးတို့၏ အစွမ်းကြောင့် နွားထီး တကောင်ဟူ၍ မြင်မှုပြည့်စုံ ရလေသည်။

ထိုကဲ့သို့ရုပ်ဓါတ် နာမ်ဓါတ် အသီးသီးမှ ဖြစ်ပေါ်မှုကို ခွဲခြားစိတ်ဖြာ၍ ပိုင်ပိုင်နိုင်နိုင် ကိုယ်ခတ္တွ သိနိုင်သော အရည်အခြင်းနှင့်ပြည့်စုံရလေအောင် ရှေ့စာပိုဒ် ရုပ်ခမ်း- နာမ်ခမ်း များတွင် စုံလင်စွာ သိနားလည်အောင် ဘတ်ရှုကြပါကုန်။

ဒီစခမ်းတွင် လယ်တီဆရာတော်ဘုရားကြီး စပ်ဆိုထားသည်မှာ အကြည် ခြောက်စုံ အာရုံ ခြောက်ပါး ထိခိုက်ငြားက ခြောက်ပါးဝိညာဏ် အစဉ်မပြတ် လျှပ်စစ်ပမာ နာမ်ခန္ဓာသည် ဆိုင်ရာ အသီးသီး ဖြစ် ပျက် ကြသတည်း တဲ့။

ခန္ဓာတွင်း၌ ရုပ်ဓါတ် နာမ်ဓါတ် များတို့ ဤကဲ့သို့ ဖြစ်ပျက်မှုအစဉ်ကြီးသည် လောကီ လျှပ်စစ် ဓါတ်အား ကဲ့သို့ လျှင်မြန်သောကြောင့် ကမ္ဘာသူ ကမ္ဘာသားတို့သည်။ ဘုရားဟောတရားအမှန်ကို မသိမမြင်ကြဘဲငါသိသည် ငါမြင်သည် ငါကြားသည်ဟု စွဲလမ်းမှု ဖြစ်နေကြသည်ကို "သက္ကာယဒိဋ္ဌိ" ဟုခေါ်သည်။

၎င်းသက္ကာယ ဒိဋ္ဌိ စွဲလမ်းမှုကြီး ကင်းကွာ သွားရလေအောင် ရှေ့စာပိုဒ်များ၌ ရှင်းပြထားသည်ကို အထပ်ထပ် ဘတ်ရှုရန်လိုအပ်ပေသည်။

ခန္ဓာငါးပါး ရှင်းပြခြင်း ပြီး၏။

## ပညတ်- ပရမတ် တရား နှစ်ပါးကို အကျဉ်းအားဖြင့်ရှင်းပြခြင်း။

စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်ဤလေးတန်သော ပရမတ္ထ တရားတို့သည်ကား အဟုတ်ရှိ အမြဲရှိ အမှန်ရှိ၍ ဘယ်သော အခါမှ ၎င်းတို့၏ မူလရှိရင်းစွဲ ဓါတ်သဘောသဘာဝများမှ ပြောင်းလဲခြင်း မရှိသောကြောင့် ပရမတ်ဓါတ်ဟု ခေါ်ဆိုသည်။ ထိုပရမတ်တရား လေးပါးတို့အနက် စိတ် စေတသိက် ရုပ်သုံး ပါး တို့သည် ပြုပြင်မှု မကင်းကြသောကြောင့် 'သင်္ခတ' ပရမတ် ဟု ခေါ်သည် နိဗ္ဗာန်ကိုမူ ပြုပြင်ခြင်း ကင်း သော ကြောင့် 'အသင်္ခတ' ပရမတ်ဓါတ်ဟုခေါ်သည်။

ပထဝီ အာပေါ ဝါယော တေဇော စသောဓါတ်ကြီး လေးပါးသည် ရုပ် ဖြစ်ပေါ်မှုကို မူလ စတင်ပြုပြင်လိုက်သော ဓါတ်များဖြစ်ခြင်းကြောင့် ၎င်းလေးပါးတို့ကို အခံဓါတ်ကြီး ဝါ မဟာဘုတ်ရုပ်ဓါတ်ကြီးလေးပါးဟူ၍ခေါ်သည် ထိုဓါတ် လေးပါးကို စွဲမှီ၍တပြိုင်တည်းဖြစ်ပေါ်သော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ စသောဓါတ်ငယ် လေးပါးလည်းရှိကြကုန်၏ ထိုဓါတ် ပေါင်းရှစ်ပါးတို့သည် မကွဲမပြားတသားတဲ ပေါင်းစုတည်နေ ကြသည် ၎င်းဓါတ်ပေါင်း စုရှစ်ပါးတို့ကို ပရမတ္ထ မြူမှုံ အဋ္ဌ ကလပ် ဓါတ်ခဲတခုဟူ၍ခေါ်သည်၊ ထိုဓါတ်ခဲကလေးများသည် နှင်းတုစရာ-ပြစရာ-ပမာမရနိုင်လောက်အောင်ပင် အလွန်သေး ငယ်လှ၍ ပုထုဇဉ် မျက်စိနှင့် မမြင်နိုင်ခြေ၊ ဤမျှ သေးငယ်လှ သော မြူမှုံ ဓါတ်ခဲ ကလေးပေါင်း သိန်း -သန်း- ကုဋေ မက ပေါင်းစုမိမှ တဖန် ဩမ်-သဏ္ဌာန် - အထည် ဝတ္ထု- လူကောင် မြင်းကောင်- နွားကောင်- ဆင်ကောင်- စသော ကလပ်ခဲကြီး

များ ထင်ရှား ဖြစ်ပေါ်ကုန်၏။ ဤသို့ဖြစ်ပေါ်မှုကား- ပထဝီ ဓါတ်လွှန်ကဲမှုပေတည်း၊ အါပေါဓါတ် လွှန်ကဲသော ပရမတ္ထ ရုပ်ကလပ် ခါတ်ခဲပေါင်း သိန်း သန်း ကုဋေမက ပေါင်းစုမိ သော် ပရမာဏုမြူမှုအစပြု၍ ဆင့်ကဲဆင့်ကဲ ထွားကျိုင်း တက် လာပြီးလျှင် ကြီးမားကြယ်ပြန့်သော အိုင်ရေ-ကန်ရေ- ချောင်း ရေ-မြစ်ရေ ပင်လယ်ရေ သမုဒ္ဒရာရေတို့ထိအောင် ထင်ရှားဖြစ် ပေါ်လာကြ၏။ ဝါယောဓါတ် လွှန်ကဲသော ပရမတ္ထ ရုပ် ကလပ် ခဲ ကလေးများ သိန်း သန်း ကုဋေမကပေါင်းစုမိသော် ပရမာဏု မြူမှုံမှ အစပြု၍ ဆင့်ကဲဆင့်ကဲ ထွားကျိုင်း တက်လာပြီးလျှင် အထည်ဒြပ် သဏ္ဌာန် မပေါ်လာဘဲ အဟုန်-အသံ သာလျှင် ထင် ရှား ပေါ်လာတော့သည်၊ တေဇောဓါတ်လွှန်ကဲသော ပရမတ္ထ ရုပ်ကလပ် ဓါတ်ခဲကလေးများ သိန်း သန်း ကုဋေမက ပေါင်းစု မိသော် ပရမာဏုမြူမှုံမှစ၍ ဆင့်ကဲဆင့်ကဲ ထွားကျိုင်း တက် လာပြီးလျှင် အထည် ဒြပ်-သဏ္ဌာန် ဝတ္ထု အလုံးအခဲ မဖြစ် ပေါ်ဘဲ အရောင်အဟုံ သာလျှင် ထင်ရှား ဖြစ်ပေါ်၏။

ပရမတ္ထ ကလပ် များ၏ သဘောကား။ သူ့ အလိုအ လျောက် ဖြစ်ပေါ်ဖွဲ့စည်း တည်နေသော သဘောရှိ၏ ထိုကဲ့သို့ အ လို အ လျောက် ဖွဲ့ စည်း ဖြစ် ပေါ် နေ သော က လပ် မျိုး ကို **သယံဇာတ** ကလပ်ဟု ခေါ်သည်။ ၎င်းတို့သည်ကား- သစ် ရွက် သစ်သီး သစ်ခင် လူကောင် မြင်းကောင် နွားကောင် ခဲ လုံး ကျောက်ခဲ ကျောက်ဖျာ တောင် ကန္တာမြေကြီးများဖြစ်ကြ သည်။ လူ မြင်း နွား တို့မှာကား ဝိညာဏ ဓါတ် ရှိကြသည်။ သူ ဘပါး ဖွဲ့စည်းပြုလုပ်အပ်သော ကျောင်း အိမ် တိုက် စေတီ စသည်တို့ကို **ပရိကာတ** ကလပ်ဟု ခေါ်သည်။

ပရမတ္ထဓါတ်၌ ဒြဗ် သဏ္ဌာန် အထည်ကိုယ် ဟူ၍ မရှိ အပ် ယခု ပုထုဇဉ် မျက်စိနှင့် မြင်တွေ့ နေရသော အထည် ဒြဗ် သဏ္ဌာန် တို့သည်ကား ပထဝီ- အာပေါ- ဝါယော- တေဇော ရုပ်ဓါတ်ကြီး လေးပါးတို့၏ လွန်ကဲမှုကြောင့် ရုပ်ဓါတ်သဘော တွေ ပေါင်းစု၍တည်နေသော သဘောလုံး သဘောတုံးကြီးတွေ မျှသာဖြစ်ကြသည်။ ထိုပရမတ် ရုပ်ဓါတ်ပါဝင်သော သဘောလုံး သဘောတုံးကြီးတို့ကို ကမ္ဘာသား တို့၏ ဝေါဟာရ ပညတ် အခေါ် အားဖြင့် လူ-နွား-ကျွဲ-ဆင်-မြင်း ဟူ၍ အမျိုးမျိုးပညတ် အမည်ပေးထားကြလေသည်။ ပရမတ် ဓါတ်အစစ် သဘောမှာ ကား- အထည်ကိုယ်-ဒြဗ်-သဏ္ဌာန် မရှိ။ ခက်မာ-တောင့်တင်း ခြင်း ဖွဲ့စည်းခြင်း ယိုစီးခြင်း ထောက်ကန် လှုပ်ရှား ပြေးလွှင့် သွားခြင်း ပူခြင်း ချမ်းခြင်း သဘောအမူအရာ သက်သက်မျှသာ အမှန် အစစ် ရှိကြကုန်၏။

ဤလောကကြီး၌ 'ရုပ်' ဟူသမျှတို့သည် ဓါတ်ကြီးလေး ပါးတို့၏ စုပေါင်း ဖွဲ့စည်းထားမှု အခြင်းအရာသာ ဖြစ်ကြ၏။ ခပ်သိမ်းသော ရုပ်တို့သည် ထိုဓါတ်ကြီးလေးပါးတို့၏ သဘော အမူအရာမျှသာ ဖြစ်ကြ၍ သွားလာပြေးလွှား၍ နေကြကုန်သော လူ-ကျွဲ-နွား-ဆင်-မြင်း- ကြက်- ငှက်- သတ္တဝါ တို့သည်-

**ပရမတ် ဓါတ်ကြီး လေးပါး တို့၏ သဘော ကောင် တွေ ကို ဝါယော လေဓါတ် အဆင့် ဆင့် ဆောင်၍လှုပ်ရှား သွားလာနေကြသည်ဟု သိအပ် ၏။ အမှုကိစ္စတို့ကို ပြုလုပ်နေသည်များကို မြင်တွေ့ လျှင် ဓါတ်သဘော ကောင်တွေ - ဝါယော လေ**

**ဓါတ်ဆောင်၍ ပြုလုပ် လှုပ်ရှား နေကြသည် ဟူ၍ သိမှတ်အပ်၏။ စားသောက် နေကြသည်ကို မြင်လျှင် ဓါတ်သဘောကောင်တွေ ဝါယောလေဓါတ် ဆောင်၍ စားသောက် နေကြ ကုန်သည်ဟူ၍ သိမှတ်အပ်၏။**

အကယ်ဓိ- ယခုမြင်တွေ့နေရသော ပြေးလွှား လှုပ်ရှား စားသောက်နေကြသော လူ-ကျွဲ-နွား-ဆင်-မြင်း-ကြက်-ငှက် စသော သတ္တဝါ အပေါင်းတို့၏ အဇ္ဈတ္တ ရုပ်တရား စုများ အတွင်း၌ ပထဝီ-အာပေါ-ဝါယော-တေဇော စသော ပရမတ် ရုပ်ဓါတ်ကြီးများ မပါ မရှိဟု ဆိုငြားအံ့- ထိုသို သတ္တဝါတို့၏ ကိုယ်ကာယကြီးတို့သည် ဖျားခြင်း နာခြင်း ကိုက်ခဲခြင်း ဖူးရောင်ခြင်း အစာမကြေခြင်း မောပန်းခြင်း ဆာလောင်ခြင်း စသော ဓါတ်ဖေါက်ပြန်မှုများ အရှင်းမရှိတော့ဘဲ သစ်တုံး- ကျောက်တုံး ကြီးများကဲ့သို့ သဏ္ဍာန် တူနေ ပေလိမ့်မည်။ ဤထင်ရှားသော သာဓကကို ထောက်ရှု၍ ထို လူ-ကျွဲ-နွား-ဆင်- မြင်း ကြက်-ငှက် စသော သတ္တဝါ အပေါင်း တို့သည် ပရမတ် ရုပ် ဓါတ်ကြီးများ ပေါင်းစု၍ အဂ္ဂနန္တုက သဘောအားဖြင့် တည် နေကြသော ပရမတ်ဓါတ် သဘောလုံး သဘောတုံးကြီးများ ဖြစ်ကြကြောင်း ထင်ရှားလှပေ၏၊ ထိုကြောင့် ဘုရားရှင် ကြီးက ဓါတ်သဘော ဆောင်နေတဲ့ဓါတ်ကောင်တွေဟူ၍ ဟောကြားခဲ့ လေသည်။

ယင်းကဲ့သို့ နာမ ပညတ်အားဖြင့်၊ အာဂန္တုက သဘော မျှသာ ပေါ်လွင်တည်နေသော ရုပ်တရားစု တို့သည်။ အမြဲမရှိ-

အမြဲမတည်နေကြသောကြောင့် ပုထုဇဉ်ကမ္ဘာသူ ကမ္ဘာသား တို့၏ အသင်နှင့်။ ဘုရား ရဟန္တာ အရိယာ သူတော်စဉ်တို့၏ အမြင် ဆန့်ကျင်၍-ဗီလာဘင်လေတော့၏။ ထို့ကြောင့် ရှင်တော် ဘုရားက ''မရှိ'' ပညတ်- ''ရှိ'' ပရမတ် ဟူ၍၊ ထင်လင်းစွာ ဟောထားပါသည်။

ကမ္မဋ္ဌာန်း တရားအလိုအားဖြင့် ယောဂီ တို့သည် မိမိ ခန္ဓာ-သူတပါး ခန္ဓာ တို့ကို တရားရှုပွားနေသော အချိန်တွင် ထိုဓါတ် သဘောဆောင်မှုသို့ပေါက်ရောက်ထင်ပေါ်လာအောင် ဘာဝနာမယ ညဏ်အားဖြင့် အဖန်ဖန် ရှုကြရန်လိုအပ်ပေသည်။

ဆိုလိုရင်းမှာ- ယောဂီများသည် ကမ္မဋ္ဌာန်း တရားကိုရှု ပွားသောအချိန်၌ ပေါ်လွင်လျက်ရှိသော အာဂန္တုက ပညတ် ရုပ်ကြီးကို ပရမတ္ထ သဘောသို့ ရောက်အောင် ပေါက်အောင် မြင်အောင် ရှုပွားရန်သာ ဖြစ်သည်၊ တရားကို မရှုပွားချိန် သမု တိ ပညတ်နယ်ထဲ၌ လောကီကိစ္စ အဝဝ စီးပွားရေး နယ်များ တွင် လုပ်ကိုင်ဆောင်ရွက် ပြောဆိုနေကြသော အချိန်အခါများ ၌ ကမ္ဘာသူကမ္ဘာသား တို့၏ ဝေါဟာရ ပညတ်နယ်အတိုင်း အဆင်ပြေအောင် ပြုမူ ဆောင်ရွက်သွားရန် ခွဲခြား၍ သိအပ်၏။ ဤအချိန်များတွင် အကုသိုလ် ဖြစ်စေကြောင်း အာရုံများ ထင် မြင်ပေါ်ပေါက်လာခဲ့သည်ရှိသော် မနော၌ ပရမတ္ထ ကုသိုလ်တ ရားများနှင့် တားဆီးပိတ်ပင်ရန် သာဖြစ်သည်။

သမုတိသစ္စာ- ပညတ် နယ်နှင့် ပရမတ္ထသစ္စာ အရိယာ နယ်တို့သည် ရောစပ်နေသောကြောင့် ထိုတရား နှစ်စုတို့ကို သူ့ နေရာနှင့်သူ မှန်ကန်စွာ ခွဲခြား၍ အသုံးပြု နိုင်ရန် အလွန်အရေး

ကြီးလှ၏၊ ထိုကြောင့် ဆရာတော်ကြီး စပ်ဆိုထားသည်မှာ-
**ပညတ်-ပရမတ်-နှစ်ခု စပ်-ခွဲခြားသိတတ်သူမှမြတ်**
တဲ့။

ဥပမာအားဖြင့် အမျိုးသမီးတဦးသည် ပညတ်နယ်ထဲတွင် လောကီစီးပွားရေးများကို ပြုလုပ်နေရာ၌ ပရမတ္ထသစ္စာနယ်ကို အလွဲ သုံးစား ပြုခြင်းအားဖြင့် ကျား-မ မရှိ ရုပ်နာမ်နှစ်ပါးသာ အမှန်ရှိသည်ဟု အခါမသင့် အခွင့်မလျော် အလွဲ ယူဆ၍ ကာယကံ ဝစီကံ အားဖြင့် ပြောဆို ထိပါးမှု ပြုကဲ့သည်ရှိသော် လက်ငင်းမျက်မှောက် ဆဲရေးတိုင်းထွာခြင်းကို ခံရမည်သာမက လောကီ ပညတ်နယ်ရှိ ဥပဒေ၏ ဒဏ်ခပ်ခြင်းကိုလည်း ခံစားရပေလိမ့်မည်။

ထိုသို့ကိစ္စမျိုးများကြောင့် **ပုထုဇဉ်** လူ ရှင်-ရဟန်း အပေါင်းတို့ အရေးကြီး၍ သိအပ် လှသည်မှာ ဘုရားရှင်ကြီး ဟောကြားထားသော ပရမတ္ထ တရားတော်များသည် မိမိခန္ဓာ သူတပါး ခန္ဓာတို့၌ ပညတ်ပျောက်၍ ပရမတ် ပေါက်အောင် **စိတ် မနော ၌ အထူး ရှုရန်သာ ဖြစ် ပေ သည်။** ကာယကံ ဝစီကံ အားဖြင့် ပရမတ္ထ တရားတော်ကို ပညတ် နယ်တွင်းသို့ ဆွဲသွင်းအလွဲသုံးစား မပြုအပ်ကြောင်း လေးလေး နက်နက် မှတ်သား ထားအပ်လှပေသည်။

( ဤတွင် ပညတ် ပရမတ် ခွဲခြားရှင်းပြခြင်းပြီး၏ )

## စိတ်ပရမတ် ဓါတ်ကို အကျဉ်းအားဖြင့်ရှင်းပြခြင်း

စိတ်ဓါတ်ကလေးသည် အလွန် ဆန်းကြယ် ကြည်လင်၍ အထည် ကိုယ် ဝတ္ထုမရှိ အာရုံကို သိခြင်း ညွှတ်ခြင်း ကိရိယာ သတ္တိသဘောကလေးမျှသာဖြစ်၏။ **ဝိဇာနာတိ** အာရုံကိုသိခြင်းသဘောရှိသောကြောင့် ဝိညာဏ်ဟူ၍၎င်း၊ **မနနံ** သိခြင်း လက္ခဏာ ရှိသောကြောင့် မန ဟူ၍၎င်း၊ **ဝိ** အထူး **ဉာဏ** သိခြင်း **ဝိညာဏ** အထူးသိတတ်သောသဘောကြောင့် ဝိညာဏဓါတ် ဟူ၍၎င်း၊ ဝိညာဉ်စိတ်ဓါတ်ဟူ၍၎င်း ခေါ်ဆိုကြသည်မှာ တရားကိုယ် သဘောအားဖြင့် တခုတည်းသာဖြစ်၍ အမည်အသံအားဖြင့်သာ ကွဲပြားခြားနားကြလေသည်။ ထိုစိတ်ကလေးသည် အထည်ကိုယ်မရှိ သဘော သတ္တိမျှသာ ရှိသောကြောင့် **အသရီရံ-ဂုဟာသယံ ဂုဟာသယံ** နှလုံး ဘူး လိုဏ်ခေါင်းအတွင်း၌ ကိန်းဝပ် တည်နေသော ထိုစိတ်ကလေးသည် **အသရီရံ** ဝတ္ထုအထည်ကို မရှိဟူ၍ ဓမ္မပဒ ပါဠိတော်၌ဘုရားရှင် ဟောထားလေသည်။ ထိုနှလုံးဘူး အသားတုံး ကလေးသည် ကွမ်းသီးစိန်းလုံးနှင့် သဏ္ဍာန်တူ၍ လက်သီးဆုတ် ပမာနလောက်ကြီး၏။ ၎င်းသည် ရင်သားနှစ်ခုကြား အောက်နားလောက်တွင် တည်ရှိ၍ အဆင်းအရောင်ကား နီခြောက်ခြောက်အသွေးရှိလေသည်။ ၎င်း နှလုံးဘူး အတွင်းတွင် လက်ညှိုးမျှလောက် သဏ္ဍာန်ရှိသော တွင်းခေါင်း ကလေးရှိ၏၊ ထိုလိုဏ်ခေါင်းထဲ၌ အလွန်ကြည်လင်သော အာပေါရုပ်ဓါတ် နှလုံးသွေးရည်သည် တည်နေ၏၊ ထိုနှလုံးသွေးဘူးကို ဟဒယဝတ္ထု၊ ရုပ်ဝါ နှလုံးရုပ်ဟူ၍ ရုပ်ဓါတ် (၁၈) ပါးတွင် တပါးပါဝင်လေ

သည်။ စိတ်ကလေးသည် ထိုနှလုံးဘူးအတွင်းမှဝင်ထွက်၍ အာရုံငါးပါး၌ ပသာဒရုပ် အကြည် ဓါတ်များကို အမှီပြု၍ ခံစားသိမှတ်နေခြင်းကိုရိယာ သဘော သတ္တိကလေးမျှသာ ဖြစ်သည်။


ထိုစိတ်သည် အလွန်ဆန်းကြယ်၍ ကြီးမားသောအစွမ်းသတ္တိနှင့်လည်းပြည့်စုံ၏ ၎င်းသည်ကုသိုလ်တရားစုတို့နှင့်ပေါင်းမိလျှင်လည်း အလွန်နူးညံ့သိမ်မွေ့၍ ကောင်းကျိုးချမ်းသာကို အကောင်းဆုံးပေးစွမ်းနိုင်၏ အကုသိုလ်တရားစုတို့နှင့်ပေါင်းမိလျှင်လည်း အလွန်ကြမ်းကြုတ်ခက်ထန်၍ ကြီးစွာသောဒုက္ခတို့ကိုပေးစွမ်းနိုင်၏ စင်စစ်သော်ကား ထိုစိတ်ကလေးသည် အလွန်အေးကြည်ဘေးကင်းသော သဘောသတ္တိအမှန်ရှိ၍ လူကောင်း လူဆိုး နှစ်မျိုးစလုံးကိုနှင့် တွဲဖက်နိုင်သောကြောင့် **အညသမာန်းတရားဟုလည်းခေါ်သည်။**

သို့ကြည်လင် အေးမြသော စိတ်ကလေးသည် အာရုံကို သိတတ်သော သဘောမျှသာ ရှိကြောင်းကို ထင်ရှား စေပါအံ့ ပန်းချီဆရာသည် ဆေးအစိမ်းအနီတို့ကို ရေနှင့်ကောင်းစွာ ရောနှော၍ - အဝတ်ပေါ်တွင် ဆေးရေးရာ အဝတ် အတွင်းသို့ စိုစွတ် စိမ့်ဝင်စေမှုကား၊ ရေ၏ ကိစ္စတည်း။ အစိမ်း အနီ ဆေးရောင် အဝတ်တွင် ထင်ပေါ်မှုကား ဆေး၏ ကိစ္စတည်း၊ ဤနေရာတွင်- ရေသည် စိတ်နှင့်ပမာဘူ၍ ဆေးစိမ်း ဆေးနီ တို့သည် ကုသိုလ် အကုသိုလ် တရားစုတို့နှင့် ပမာတူ၏။ ထိုကြောင့် ဤကြည်လင်သော စိတ်ကလေးသည် -

၁။ အာရုံကိုတွေ့ထိခြင်း (ဖဿသဘော)

၂။ အာရုံကိုခံစားခြင်း (ဝေဒနာသဘော)

# အင်္ဂလိပ်ဆရာဝန်တဦးတင်ပြသော သွေးလေကြောများ
# နှလုံးရုပ်-မှ-တကိုယ်လုံးအနှံ့အပြားသွားလာနေပုံ။



၃။ အာရုံကိုမှတ်သားခြင်း (သညာသဘော)

၄။ မိမိတို့ အဘူနေ တရားစုတို့ကို စေ့ဆော် တိုက်တွန်းခြင်း။ (စေတနာသဘော)

ထိုသဘောမျိုးရှိသော(၅၂)မျိုးသော သဘောတို့သည်လည်း ရှိကြပေသေး၏။ ထို(၅၂)မျိုးသော သဘောတို့သည် စိတ်ကိုမှီတွယ်၍ ပြုလုပ်ရမှ ဖြစ်မြောက် အောင်မြင် နိုင်သော သဘောရှိသောကြောင့်။ ၎င်း(၅၂)မျိုးသော သဘောတို့ကို **စေတသိက်** ဟူ၍ ခေါ်သည်။ ၎င်းစေတသိက်တို့သည် စိတ်ရှိမှ- စိတ်ကိုမှီ၍ ဖြစ်ရသဖြင့် မီးရှိမှသာလျှင် အလင်းရောင်ဖြစ်ပေါ်နိုင်သကဲ့သို့ မီးသေလျှင် အလင်းရောင်သည်လည်း အလိုလိုပျောက်ကွယ်ရသောကြောင့် စိတ် နှင့် စေတသိက် တို့ကိုလည်း ဤနည်းအတိုင်း မှတ်ယူကြပါကုန်။ ယင်း စေတသိက် (၅၂) မျိုး တို့၏ အကြောင်းစုံနှင့် အစွမ်းသတ္တိတို့ကို စေတသိက် ခန်းတွင် ဆက်လက်၍-နားရှင်းအောင် ဘတ်ရှုပါလေ။

{ စိတ်ခေါ်တ်ကို-ရှင်းပြခြင်းပြီး၏ }

---

## စေတသိက်(၅၂)ပါးကို အကျဉ်းအားဖြင့် ရှင်းပြခြင်း။

ထို စိတ်ခေါ်တ်ကလေးတခု၌ အမျိုးအားဖြင့်(၅၂)မျိုးမျှသော စေတသိက်တို့သည် စိတ်ကိုအမှီပြု၍ ဖြစ်ပေါ်ကြကုန်၏။ ထို စေတသိက် တို့သည် သုံးမျိုး သုံးစားရှိကြ၏။

၁။ အညသမာန်း စေတသိက်ခေါ်- ကုသိုလ်-အကုသိုလ် တရား နှစ်ပါးစလုံးနှင့် တွဲဖက်နိုင်သော စေတသိက် (၁၃)ပါး။

၂။ အာဝါသိက စေတသိက် ခေါ်၊ နိယတယောဂီ စေတသိက်များ၊ ဝါ- ခန္ဓာတွင်းမှ နှင်ထုတ်ခြင်း မပြုအပ်သော စေတသိက် (၂၉)ပါး။

၃။ အာဂန္တုက စေတသိက်၊ ဝါ- အနိယတယောဂီ စေတသိက် ခေါ်- ခန္ဓာတွင်းမှ- လုံးဝ နှင်ထုတ်အပ်သော စေတသိက်(၁၄)ပါးဟူ၍ ပေါင်း (၅၂)ပါးရှိ၏။

## အညသမာန်း စေတသိက် (၉) ပါးကား။

၁။ ဖဿ စေတသိက် တွေ့ထိခြင်းသဘော။
၂။ ဝေဒနာ စေတသိက် ခံစားခြင်းသဘော။
၃။ သညာ စေတသိက် မှတ်သားခြင်းသဘော။
၄။ စေတနာ စေတသိက် စုပေါင်းစေ့ဆော်ခြင်းသဘော။
၅။ ဝိတက် စေတသိက် ကြံစီခြင်းသဘော။
၆။ ဝိစာရ စေတသိက် ဆင်ခြင်ခြင်းသဘော။
၇။ ဝီရိယ စေတသိက် လုံ့လပြုခြင်းသဘော။
၈။ ပီတိ စေတသိက် နှစ်သက်ဝမ်းမြောက်ခြင်းသဘော။
၉။ ဆန္ဒ စေတသိက် အလိုရှိခြင်းသဘော။

ထိုစေတသိက် (၉)ပါးတို့သည်။ ကုသိုလ်-အကုသိုလ် တရားနှစ်မျိုးစလုံးနှင့် တွဲဖက်နိုင်ကြ၏။ ဥပမာ လူတယောက် ငါးဖမ်းနေသည်ကိုမြင်လျှင် ထို အကုသိုလ်ပြုမှုကို နှစ်သက်ဝမ်းမြောက်၍ ပီတိဖြစ်နေခဲ့သော်ငြား။ အလှူဒါန ပေးနေသည်ကို မြင်လျှင် ထိုကုသိုလ်ပြုမှုကို နှစ်သက်ဝမ်းမြောက်၍။ ပီတိ ဖြစ်နေသော်ငြား။ ထိုပီတိ စေတသိက်သည် ကောင်းသော တရား မကောင်းသောတရား နှစ်ပါးစလုံးနှင့် တွဲဖက်နိုင်ကြ၏။ ထိုသို့

တဲ့ဖက်ကြရာတွင်။ ၎င်း စေတသိက် တို့သည်။ မိမိနှင့်ဆိုင်ရာ မိမိ တို့ အသီးသီး ပေါ်ထွက်၍ တွဲဖက်ကြလေသည်။

## အာဝါသိက ခေါ်-ခန္ဓာတွင်းမှ နှင်မထုတ်အပ်သော စေတသိက် (၂၉)ပါးကား

၁။ ဧကဂ္ဂတာ စေတသိက်။ တည်ကြည်ခြင်းသဘော။
၂။ ဇီဝိတိန္ဒြိယ စေတသိက်။ ရုပ်နာမ်ကို စောင့်ရှောက်ခြင်း သဘော။
၃။ အင်မောဟ စေတသိက်။ ဆုံးဖြတ်ခြင်းသဘော။
၄။ မနသိကာရ စေတသိတ်။ နှလုံးသွင်းခြင်းသဘော။
၅။ သဒ္ဓါ စေတသိက်။ ယုံကြည်ထက်သန်ခြင်းသဘော။
၆။ သတိ စေတသိက်။ အာရုံကို သိမှတ်ခြင်းသဘော။
၇။ ဟိရိ စေတသိက်။ မကောင်းမှုပြုရန် ရှက်ခြင်းသဘော။
၈။ ဩတပ္ပ စေတသိက်။ မကောင်းမှုပြုရန် ထိတ် လန့် ခြင်း သဘော။
၉။ အလောဘ စေတသိက်။ လိုခြင် တောင့်တ မရှိ ခြင်း သဘော။
၁၀။ အဒေါသ စေတသိက်။ ဒေါသမှုရှိခြင်းသဘော။
၁၁။ တတြမဇ္ဈတ္တ စေတသိက်။ အာရုံ၌ လှစ်လျူ ရှုခြင်း သဘော။
၁၂။ ကာယ ပဿဒ္ဓိ စေတသိတ်။ စေတသိတ်တို့ ငြိမ်းအေး ခြင်း သဘော။
၁၃။ စိတ္တ ပဿဒ္ဓိ စေတသိက်။ စိတ်၏ငြိမ်းအေးခြင်းသဘော။
၁၄။ ကာယ လဟုတာ စေဘသိက်။ စေဘသိက်တို့ ပေါ့ခြင်း သဘော။

၁၅။ စိတ္တလဟုတာ စေတသိက်။ စိတ်၏ပေါ့ခြင်းသဘော။
၁၆။ ကာယ မုဒုတာ စေတသိက်။ စေတသိက်တို့ နူးညံ့ခြင်း သဘော။
၁၇။ စိတ္တ မုဒုတာ စေတသိက်။ စိတ်၏နူးညံ့ခြင်း သဘော။
၁၈။ ကာယ ကမ္မညတာ စေတသိက်။ စေတသိက်တို့အမှုခံနိုင်ခြင်းသဘော။
၁၉။ စိတ္တ ကမ္မညတာ စေတသိက်၊ စိတ်၏ အမှု ခံနိုင်ခြင်း သဘော။
၂၀။ ကာယ ပါဂုညတာ စေတသိက်။ စေတသိက်တို့ကိုလေ့လာခြင်းသဘော။
၂၁။ စိတ္တပါဂုညတာ စေတသိက်။ စိတ်အမှုကိုလေ့လာခြင်း သဘော။
၂၂။ ကာယုဇုကတာ စေတသိက်။ စေတသိက်တို့ ဖြောင့်မတ်ခြင်းသဘော။
၂၃။ စိတ္တုဇုကတာ စေတသိက်။ စိတ်၏ ဖြောင့် မတ် ခြင်း သဘော။
၂၄။ သမ္မာဝါစာ စေတသိက်။ ကောင်းသော စကားကိုပြောခြင်းသဘော။
၂၅။ သမ္မာကမ္မန္တ စေတသိက် အမှုနှန်ကိုပြုလုပ်ခြင်းသဘော
၂၆။ သမ္မာအာဇီဝေါ စေတသိက်။ ကောင်းသော အသက်မွေးခြင်း သဘော။
၂၇။ ကရုဏာ စေတသိက်။ သနားခြင်း သဘော။
၂၈။ မုဒိတာ စေတသိက်။ ချမ်းသာသော သတ္တဝါတို့ကို ဝမ်းမြောက်ခြင်းသဘော။

၂၉။ ပညာ စေတသိက်။ အထူး သိကြွမ်း နားလည်ခြင်း သဘော။

၎င်း အာဂါသိက စေတသိက် ( ၂၉ )ပါးတို့ကို စိတ်သန္တာန်မှ နှင်ထုတ်ခြင်းငှါ မပြုအပ် မပြုကောင်း ခန္ဓာ တွင်း၌ ရှိသင့်ရှိအပ်သော စေတသိက်များဖြစ်သောကြောင့်။ ၎င်း( ၂၉ ) ပါးနှင့်တကွ အညသမာန်း စေတသိက်( ၉ )ပါး၊ပေါင်း{ ၃၈ } ပါးသော စေတသိက် တို့ကို စိတ်၏ သန္တာန်မှ မျိုးပြုတ် ကင်းရှင်းသွားအောင် အပြီးတိုင် နှင်ထုတ်ရန် နည်းလမ်းများကို ဘုရားရှင် မဟောကြားခဲ့ပေ။

## အာဂန္တုက စေတသိက် (၁၄)ပါးကို ရှင်းပြခြင်း။

ထို စေတသိက် ( ၁၄ ) ပါးတို့သည် အလွန် ဆိုးသွမ်းသော တရားစုတို့ပေတည်း။ ၎င်းတို့သည် လောကီလူမိုက်ကြီး ( ၁၄ )ဦးနှင့်လည်း ပမာဘူ၏ လူ-ရှင်-ရဟန်း အပေါင်းတို့ကို အပါယ်ငရဲသို့ အမြဲပို့ဆောင်ပေးနေသောသူတို့သည် ထို( ၁၄ ) ဦးတို့ပင်တည်း။ထိုစေတသိက်( ၁၄ )ပါးတို့သည်နဂိုလ်က အေးမြကြည်လင်သော စိတ်ခါတ်ကလေးကို၊ ၎င်း စေတသိက် တို့က ဝင်ရောက်ပူးကပ်၍ ဆိုးသွမ်း ညစ်ညမ်းမှုကြောင့် စိတ်ကိုအညစ်အကြေး ဖုံးလွှမ်းစေ၍ စိတ်၏ အသိဉာဏ် ပညာရောင်သည် မတောက်ပ မသန့်စွမ်းနိုင်ဘဲ မှေးမှိန်သေးသိမ်၍ နေလေတော့၏။ ဥပမာ အလွန်ကြည်လင် တောက်ပသော ပတ္တမြားတုံး ကလေး ကို အညစ်အကြေးအမြေးများ ဖုံးလွှမ်းနေဘိသကဲ့သို့၎င်း အလွန် ကြည်သင် အေးမြသော တောင်ပေါ်ကျ ချောင်းရေ စမ်းရေ များကို ရွှံ့နောက်များ ရောနှောဘိသကဲ့သို့၎င်း။ ပမာ

တူလှ၏ ထိုနည်းတူစွာ ထိုကိလေသာ အကုသိုလ် စေတသိတ်တို့ ပူးဝင် နှောက်ရှက် မှုကြောင့် အေးကြည်သော စိတ်၏ အသိ ညာဏ်ထိုင်းမှိုင်းရုံမက ဗဟိဒ္ဓ အပြင် ရုပ် တရားစုတို့သည်လည်း ကြည်လင် စိုပြေခြင်းမဖြစ်တော့ချေ။ သာဓက ပြရသော် ပုဂ္ဂိုလ် တဦးသည် ဝမ်းသာစရာ ကိစ္စတခုကိုကြား၍ စိတ်ရွှင်လမ်းဝမ်း မြောက်သလို ဗါဟိရအပြင်ရုပ်၌ ထိုနည်းအတိုင်း ဖေါ်ပြလျှက် ရွှင်လမ်းနေ၏။ ထို ပုဂ္ဂိုလ်သည် ရုပ်ခြင်းပင်လျှင် ဒေါသ ဖြစ်စ ရာ အကြောင်းပေါ်ပေါက်လာပါမူ ထိုသူ၏ ဗာဟိရရုပ်အသွင် သည် ချက်ခြင်းပင် ဒေါသမူရုပ်သို့ ပြောင်းလဲသွားတော့၏။ ထို ကြောင့် ၎င်းကိလေသာ အကုသိုလ် စေတသိက်များတို့ကို ခန္ဓာ တွင်း၌ အရှင်းလက်ခံ၍ မထားသင့် မထားအပ်ပေ။

ယင်းသာဓကများကြောင့် ၎င်းအကုသိုလ် စေတသိက် {၁၄}ပါးတို့ ချုပ်ငြိမ်းကင်းကွာပြီးသော ဝါ ရဟန်းကိစ္စ ပြီး သော ရဟန္တာပုဂ္ဂိုလ်များသည် မည်မျှ အသိညာဏ်ထက်မြက် သည်ကို ကြည့်ကြပါလေ။ ထိုကြောင့် စာရေးသူယောဂီကြီးက အားပေး တိုက်တွန်းလိုသည်မှာ ကိုးတန်း-ဆယ်တန်းလောက် ရောက်ရှိကြသော ကျောင်းသူကျောင်းသားများတို့သည် ထိုတ ရားဆိုး {၁၄}ပါး မပူးကပ် မနှောင့်ရှက် နိုင်အောင် သမထ- ဝိပဿနာ တရားများကို ဂရုပြုလိုက်စား အားထုတ် ကြပါမူ မိမိရှိရင်းစွဲညာဏ်ထက် များစွာထက်မြက်လာမည်မှာကား မလွဲ ဖြစ်ပေတော့သည်။

## ဆိုးသွမ်းညစ်ညမ်းသော
## အာဂန္တုက စေတသိက် ( ၁၄ ) ပါး ကား။

၁။ ဒိဋ္ဌိ စေတသိက်။ မှားသော အယူဝါဒ ရှိခြင်းသဘော။
၂။ ဝိစိကိစ္ဆာ စေတသိက်။ ယုံမှားသံသယဖြစ်ခြင်းသဘော
၃။ ဒေါသ စေတသိက်။ အမျက်ဒေါသ ဖြစ်ခြင်း သဘော။
၄။ ဣဿာ စေတသိက်။ သူတပါးကို မနာလို ငြူစူခြင်း သဘော။
၅။ မစ္ဆရိယ စေတသိက်။ သူတပါးကို ဝန်တိုစိတ် ရှိခြင်း သဘော။
၆။ ကုက္ကုစ္စ စေတသိက်။ စိုးရိမ်ပူပန်ခြင်း သဘော။
၇။ လောဘ စေတသိက်။ လိုခြင်တပ်မက်ခြင်း သဘော။
၈။ မောဟ စေတသိက်။ တွေဝေ၍အမှန်တရားကို မသိခြင်း သဘော။
၉။ မာန စေတသိက်။ ထောင်လွှားခြင်း သဘော။
၁၀။ အဟိရိက စေတသိက်။ မကောင်းမှုပြုရန်မရှက်ခြင်း သဘော။
၁၁။ အနောတ္တပ္ပ စေတသိက်။ မကောင်းမှုပြုရန် မထိတ်လန့်ခြင်းသဘော။
၁၂။ ထိန စေတသိက်။ စိတ်၏မခန့်ခြင်းသဘော။
၁၃။ မိဒ္ဓ စေတသိက်။ ပျင်းရိထိုင်းမှိုင်း ငိုက်မည်းခြင်းသဘော။
၁၄။ ဥဒ္ဓစ္စ စေတသိက်။ စိတ်၏ ပြန့်လွင့်ခြင်း သဘော။

ထိုညစ်ညမ်းသော စေတသိက် (၁၄)ပါးတို့ကို ဘုရားရှင်က သတ္တဝါ တို့၏ ခန္ဓာတွင်း၌ သိမ်းပိုက်၍ မထားထိုက် မ

သားအပ်သဖြင့် လုံးဝနှင်ထုတ်ပစ်ရန် နည်းလမ်းများကို ဟောကြားတော်မူခဲ့လေသည်။ သတ္တဝါတို့သည် ထိုအကုသိုလ် စေတသိက် (၁၄)ပါးတို့ကို မိမိကိုယ်ခန္ဓာတွင်းမှ ခေါင်းပါးချုပ်ငြိမ်း၍ သွားအောင် မပြုလုပ်ကြဘဲ အကောင်းထင်မှတ်၍ လက်ခံထားကြလေသည်။ အချို့ကလည်း နှင်ထုတ်ရန် နည်းလမ်းများကို အရှင်းမသိကြသောကြောင့် ဖြစ်လေသည်၊ ၎င်းစေတသိက်ဆိုးတို့သည် ကြည်လင် အေးမြသော စိတ်ကိုမှီ၍ သတ္တဝါတို့ကို ငရဲသို့ ပို့ဆောင် ကြ၏။ ဥပမာ အားဖြင့် အေးမြသော ရေနှင့်အဆိပ်ဆေးကိုဖျော်၍သောက်သော် တကိုယ်လုံးပြန့်နှံ့စေမှုကား ရေ၏ကိစ္စတည်း သေလောက်အောင်ခံစားမှုကား အဆိပ်၏ သဘောတည်း၊ ဤဥပမာ၌ ရေသည် စိတ်နှင့် တူ၍ အဆိပ်သည် စေတသိက်ဆိုးတို့နှင့်တူ၏။

ထိုကြောင့်– ထိုအကုသိုလ် စေတသိက်တို့ကို– နှင်ထုတ်နည်း– ဥပမာတခုကို ပြဆိုပါအံ့–အပြင်ပမှ – ဆိုးသွမ်း ယုတ်မာဝါးရှိသော ကြောင်ကလေး တကောင်သည်–မိမိအိမ်ဘွင်းသို့ လာရောက်ဝင်ထွက် စားသောက်နေရာ–အိမ်ရှင်က ကောင်းစွာ လက်ခံ ကျွေးမွေး ပြုစုထားသဖြင့်–ထိုကြောင်ကလေးသည်–နေ့စဉ် ဝင်ထွက် သွားလာစားသောက်နေလေ၏။ ၎င်းကြောင်ကလေးသည် သူ၏ရှိရင်းစွဲ မကောင်းသောဗီဇ အခံဓါတ်ကြောင့် အိမ်တွင်းရှိ အစား အသောက်များကို ခိုးဝှက်စားသောက်ခြင်းဖြင့် အိမ်ရှင်အား အနှောက်အရှက် ပေးလေတော့၏ ထိုအချိန်တွင် အိမ်ရှင်က ထိုကြောင် ကလေးကိုလက်ခံထားခြင်းငှါ မသင့်သောကြောင့် မောင်းနှင်သုတ် လေတော့၏ အရင်က လက်ခံကျွေးမွေး ထားမှုကြောင့် ထိုကြောင် ဆိုးက လေးသည်။ လာမြဲတိုင်း လာနေပြန်၏ လာခြား သော်လည်း

အိမ်ရှင်က ကြောင်ဆိုးမှန်းသိ၍ သတိနှင့်စွာနှင့် လက်ွ ကျွေးမွေး ခြင်းမပြုတော့ဘဲ မောင်းနှင် ထုတ်ပြန်၏ ၎င်းကြောင်ဆိုးက လေးသည် အိမ်ရှင်လက်မခံကြောင်း သိတော့၊ အရင်နေ့များ ကလို နေ့စဉ်မလာတော့ဘဲ ၂ရက် ၃ရက် ကြာမှ တခါ လောက်သာ လာတော့၏ ဤ၍ ဤ၍ ကြာမှလာသည်ကိုပင် အိမ်ရှင်က မလိုလားသဖြင့် အရှင်းကို မလာရအောင် သတိနှင့် မောင်းနှင် ရိုက်ထုတ်ဖန်များသောကြောင့် ကြောင်ဆိုးကလေး သည် နောက်ဆုံး၌ အရှင်းပင် မလာတော့ချေ ဤနည်းအား ဖြင့် သည်းခံ ကြိုးစား၍ နေ့စဉ် နှင်ထုတ်ခြင်းအားဖြင့် အောင် မြင်မှုရလေ၏ ထိုနည်းတူစွာ လူဆိုးနှင့်တူသော ကိလေသာ အကုသိုလ် စေတသိက်တို့ကို ထိုကြောင်ဆိုးကလေးနှင့် ပမာ ပြုပြီး သည်းခံ၍ ရက်ရှည် လများနှင်ထုတ်ကြလျှင် အောင်မြင် ခြင်းသည် နောက်ဆုံးဖြစ်ပါလိမ့်မည် ထိုတရားဆိုး(၁၄)ပါး တို့သည် ခန္ဓာတွင်း၌ရှိသော စိတ်ကိုအမှီပြု၍ အပါယ်ငရဲသို့ ချနေ ကြသော စေတသိက် ဆိုးများဖြစ်ကြပါတယ် ၎င်းတို့သည် ခန္ဓာ တွင်းမှာ အောင်းနေတဲ့ လူဆိုး လက်ခံ တွေနှင့်လဲ တူကြပါတယ် အပြင်ပက အသီးသီး လုပ်ကိုင်နေကြတာနဲ့ မိမိကိုယ်နဲ့ ဘာမျှ မသက် ဆိုင်ကြပါဘူး သို့သော်လဲ ဒီလူဆိုးလက်ခံတွေ ကိုယ် တွင်းမှာ အောင်းနေတော့ သူတို့က ဆိုင်ရာ ဆိုင်ရာ အသီးသီး လက်ခံစကား ပြောကြပြီး ငရဲကျမဲ့ အလုပ် အကြီး အကြယ်လုပ် နေကြပါဘယ်။

ဥပမာပြုရသော်၊ ခန္ဓာတွင်းမှာ လောဘ စေတသိက် ကြီးထွား နေရင် အ ပြင် ပ မှာ မြင် ရ ကြား ရ တွေ့ရတဲ့အခါ အာရုံငါးပါးကို မှီပြီးတော့ တပ်မက်ခြင်း စွဲလမ်းခြင်း လောဘ

ဖြစ်လာကြပါတယ်။ ခန္ဓာတွင်းမှာ ဣသဲာ-မစ္ဆရိယ တရားဆိုး များ ခေါင်းပါး ကုန်ခမ်းခြင်း မရှိသေးတဲ့ ပုဂ္ဂိုလ် များမှာလဲ အခြားသူများ ဘဝဟောင်းကံ အကျိုးပေးကြောင့်။ လှတာ-ပဋ္ဌည်းကြွယ်ဝတာ-အခွေအရံများတာ။ ချစ်သူ ခင်သူ ပေါတာ ကျော်ဇော ထင်ရှား ရှိတာ ရာထူးတိုးတာ နောက်ဆုံး သဒ္ဓါ တရားနှင့် လှူဒါန်း ကျွေး မွေး နေတာကိုတောင် ဝမ်းမြောက် သာဓု မခေါ်နိုင်ကြဘဲ မနာလို ဝန်တိုစိတ်နဲ့ နှောက်ရှက်ကြ ပါသေးတယ် စင်စစ် ကတော့ အပြင်မှာ လုပ်ကိုင်နေကြတဲ့ ကိစ္စ တွေက မိမိခန္ဓာထဲ ပြေးဝင်လာတာ မဟုတ်ပါဘူး ခန္ဓာတွင်းမှာ ရှိတဲ့ လူဆိုးလက်ခံ (၁၄)ဦးက စက္ခု သောတ ပသာဒချပ် ကိုအမှီပြု၍ လာပါ လာပါနဲ့ ခေါ်ပြီး လက်ခံ စကားပြောကြ လို့ အပါယ် ငရဲကြကုန်ပါတယ် ဒီဘရားဆိုးတွေကို သိရက် သားနဲ့ ထပ်ခါ ထပ်ခါ လက်ခံနေတဲ့ လူတွေဟာ အမှန်ငရဲ အင်မတန်ကြိုက်တဲ့ လူမိုက်ကြီးတွေ ဖြစ်ကုန်တာပေါ့။ ရပ်တိုင်း ရွာတိုင်း ဌာနတိုင်းမှာ ဒီလူမျိုးတွေဟာရှိနေကြပါတယ်။

မမှုမိတ်ဆွေတဦးက ဒီကိစ္စနှင့် ပတ်သက်ပြီး စောဓက ဝင်လာပါတယ်။ သူက ယောဂီကြီးရဲ့ လောကကြီးမှာ လူတိုင်း လူတိုင်းဟာ ချမ်းသာသုခကိုသာ လိုချင် ကြပါတယ်။ ငရဲကို တော့ ဘယ်လိုချင်ကြမသဲတဲ့။ ဟုတ်ကဲ့-လိုခြင်တဲ့ ဆန္ဒအနေနဲ့ မှန်ပါတယ်။ အလုပ်တရား အနေနဲ့တော့ မမှန်ပါဘူး။ နှုတ်အား ဖြင့် ငရဲမကြိုက်ပါဘူး ပြောသော်လဲ အလုပ် သဘော အားဖြင့် ကြိုက်နေကြပါတယ်။ ဒီတော့-ဒီတရားဆိုး (၁၄)ပါးကို- ထပ် တလဲလဲ၊ လက်ခံကြူးလွန်နေကြရင်-ငရဲကျမယ်ဆိုတာ။ လူတိုင်း လိုလို သိကြပါတယ်၊ တရားဌာနများက - ယောဂီတွေက ပုံ၍

သိကြတာပေါ့ ဒီလိုသိရက်သားနဲ့ ထပ်တလဲလဲ လက်ခံကြူး လွန်နေတဲ့ လူတွေသည် အဝီစိ-ငရဲကိုကြိုက်တဲ့လူတွေလို့ဆိုရင် မှားနိုင်မှာလားလို့ မေးတော့ ဒီလိုလဲဘယ်မှားမလဲတဲ့။

ဒီလိုဆိုရင် အလုပ်နဲ့ ငရဲကြိုက်ကြောင်းလုပ်ပြနေတဲ့ လူ တွေ လောကကြီးမှာ ရှိကြလို့ များနေကြလို့ ငရဲကြီး ရှစ်ထပ် ဖြစ်ပေါ်လာရတယ်ဆိုရင်ကော မှားမလားမေးပြန်တော့ ဘယ် မှားမလဲတဲ့ မိတ်ဆွေကြီးရဲ့ ဒါကြောင့် ဘုရားနား ကျောင်း နားကပ်နေတဲ့လူတိုင်းလဲ ငရဲကြောက်တယ်မထင်နဲ့၊ ကျွန်တော် ကတော့ အလုပ်နဲ့ပြမှဘဲ ယုံကြည်မှာ၊ ထိုကြောင့် ခန္ဓာတွင်းက ဖြစ်ပေါ်တဲ့ တရားဆိုးတွေကို ပိုင်ပိုင်နိုင်နိုင် နှင်ထုတ်နိုင်တဲ့နည်း လမ်းဟာ ခန္ဓာမှာ ရှုရတဲ့ ဝိပဿနာ ကမ္မဋ္ဌာန်း တရား ပါဘဲ ဒီတရားကို အထပ်ထပ် မပြတ်မလပ် ရှုရန် အရေးကြီးတယ်လို့ ကျွန်တော်ဆိုလိုပါတယ်ဟု ဖြေလိုက်ရပါတယ်။

စေတသိက် { ၅၂ } ပါး ရှင်းပြခြင်းပြီး၏။

---

## ရုပကန္ဓာအရ-ရုပ်စစ်(၁၈)ပါးကို ရှင်းပြခြင်း။

ရုပ်မည်သည် အဘယ် တရားစုတို့နည်းဟူမူ - လေးပါး ကုန်သော မဟာဘူတာစ မြေ-ရေ-လေ-မီးစသော မဟာဘုတ် ဓါတ်ကြီးလေးပါး တို့သည် ရှိကြကုန်၏။ ထိုမဟာဘုတ် ဓါတ် ကြီးလေးပါးတို့ကို စွဲမြောင်မှီတွယ်၍ ရုပ်ငယ်( ၂၄ )ပါးတို့ သည် ရှိကြကုန်၏။ ဤဖေါက်ပြန် တတ်သော ရုပ်တရားစုတို့ကို ''ရုပ်'' ဟူ၍ ခေါ်သည်။ ခန္ဓာ ငါးပါးတွင် ရူပက္ခန္ဓာအရ ရုပ်ဓါတ်ပေါင်း ၂၈-ပါးရှိရာတွင်၊ ကမ္မဋ္ဌာန်း အာရုံဖြစ်သော

ကမ္မဋ္ဌာန်းတရား အလိုအားဖြင့်သာ အလိုရှိအပ်သော ဖြစ်ခြင်း ပျက်ခြင်း လက္ခဏာတို့နှင့် ပြည့်စုံသော ရုပ်စစ် (၁၀) ပါးတို့ ကိုသာ ပြဆိုပါအံ့။

---

## ရုပ်ကိုမူလစ၍ဖြစ်စေသော အခံဓါတ်ကြီးလေးပါး

၁။ ပထဝီ - မြေဓါတ်။ ၃။ ဝါယော - လေဓါတ်။
၂။ အာပေါ - ရေဓါတ်။ ၄။ တေဇော - မီးဓါတ်။

## ပသာဒ - အကြည်ရုပ်ဓါတ်ငါးပါး

၁။ စက္ခု-မျက်စိအကြည်ရုပ်။ ၃။ဃာန-နှာခေါင်းအကြည်ရုပ်
၂။ သောတ-နားအကြည်ရုပ်၊ ၄။ ဇိဝှါ-လျှာအကြည်ရုပ်။
၅။ ကာယ-ကိုယ်အကြည်ရုပ်။

## အာရုံရုပ်ဓါတ်ငါးပါး။

၁။ ရူပါရုံ - အဆင်း။ ၃။ ဂန္ဓာရုံ - အနံ့.
၂။ သဒ္ဒါရုံ - အသံ။ ၄။ ရသာရုံ - အရသာ။
၅။ ဖေါဋ္ဌဗ္ဗာရုံ - တွေ့-ထိမှု။

( ၎င်းငါးပါးကို ကာမဂုဏ် ငါးပါးဟု ခေါ်သည်၊ )

## ဘာဝရုပ် တပါး။

ဣတ္ထိဘာဝ မိန်းမ ရုပ်။ ပုမ္ဘာဝ ယောကျ်ား ရုပ်။ ၎င်း ရုပ်နှစ်ပါးကို ဘာဝ ရုပ် တပါးဟူ၍ ခေါ်သည်၊

## ဇီဝိတ ရုပ် တပါး။

၎င်း ရုပ်သည် ကံကြောင့် ဖြစ်သော ရုပ်တို့ကို စောင့်သိန်း ထားရသောကြောင့် ကိုယ်စောင့် ရုပ် ဟုခေါ်သည်။

## ဟဒယ ဝတ္ထု ရုပ် တပါး။

၎င်း ရုပ်ကို နှလုံး ရုပ်ဟုလည်း ခေါ်သည်။ ထို ရုပ်မှ ကောင်းသော စိတ် မကောင်းသော စိတ်များ ထွက်ပေါ်နိုင်သည် ဖြစ်၍ ဝိညာဉ် စိတ်၏ တည်ရာ မှီရာ ရုပ်ဖြစ်လေသည်။

## အဟာရ ရုပ် တပါး။

ထို ရုပ်သည် မဟာဘုတ် ဓါတ်ကြီး လေးပါးတို့၏ ပရမတ် ဓါတ်ဆီဖြစ်၍ ခန္ဓာ တကိုယ်လုံးကို ထောက်ပံ့ နေသော ရုပ်ဖြစ်သည်။

အားလုံးပေါင်းလိုက်သော် ဝိပဿနာ အာရုံ ဖြစ်ပျက် လက္ခဏာနှင့် ပြည့်စုံသော ရုပ်စစ် (၁၈) ပါး တို့ပေတည်း။ ၎င်းတို့သည် ဝိပဿနာ အလုပ် စခမ်း ဝင်ရာ၌ ဦးစွာ ပဌမ သိထားရန် လိုအပ်သည် ဖြစ်၍ အလွတ် ရအောင် ကြိုးစား၍ သင်ကြားထားကြရန် လိုအပ်ပေသည် ၎င်း ရုပ်ဓါတ် အသီးသီးတို့၏ သဘော သဘာဝ များကိုလည်း နားလည်ကြဘို့ရန် ရှေ့သို့ ဆက်၍ သေချာစွာ ဘတ်ရှုကြပါကုန်။

## ပထဝီ ရုပ် ဓါတ်၏ သဘော။

ပထဝီ ရုပ် ဓါတ်၏ သဘော လက္ခဏာ သည် ကြမ်းမှု နူမှု မာမှု သဘောရှိ၍ ပထဝီ ဓါတ် လွန်ကဲလျှင် မာ၏ နူလျှင် နူးညံ့ ပြောင်းပြောင်း၏။ ထိုကြောင့် သက်ရှိ သက်မဲ့ အရာဝတ္ထု

တခုကို တွေ့ထိ ခံစားခြင်း အားဖြင့် မာသည် နူးညံ့သည် ကြမ်းတမ်းသည်ဟု သိရသော "သဘောကလေးကို" ပထဝီ မြေဓါတ်ဟု ခေါ်သည်။ ထိုပထဝီ ပရမတ် ဓါတ်အစစ်၏ သဘော လက္ခဏာကို ကိုယ်ခန္ဓာတွင် သာမာန် မျက်စိနှင့် မမြင်နိုင်ချေ ဝိပဿနာ ညဏ်မျက်စိ အားဖြင့် သာ တွေ့နိုင် မြင်နိုင်၏။

ထိုပထဝီ ဓါတ်များသည် ခန္ဓာ ကိုယ်တွင်း၌၊ အမျိုး အားဖြင့် (၂၀) ရှိ၍ ၎င်းတို့သည်ကား။

| | |
|---|---|
| ၁။ ကေသာ-ဆံပင်။ | ၁၁။ ဟဒယံ-နှလုံး။ |
| ၂။ လောမာ-အမွေး။ | ၁၂။ ယကနံ-အသည်း။ |
| ၃။ နခါ-လက်သည်းခြေသည်း | ၁၃။ ကိလောမကံ-အမြှေး။ |
| ၄။ ဒန္တာ-သွား။ | ၁၄။ ပိဟကံ-အဖျဉ်း။ |
| ၅။ တစော-အရေ။ | ၁၅။ ပပ္ဖာသံ-အဆုတ်။ |
| ၆။ မံသံ-အသား။ | ၁၆။ အန္တံ- အူမ။ |
| ၇။ နှာရု-အကြော။ | ၁၇။ အန္တဂုဏံ-အူသိမ် အူနု။ |
| ၈။ အဋ္ဌိ-အရိုး။ | ၁၈။ ဥဒရိယံ-အစာသစ်။ |
| ၉။ အဋ္ဌိမိဉ္ဇံ-ချဉ်ဆီ။ | ၁၉။ ကရီသံ-အစာဟောင်း။ |
| ၁၀။ ဝက္ကံ-အညှို။ | ၂၀။ မတ္ထလုင်္ဂ-ဦးနှောက်။ |

တရားရှုသောအခါ - ခန္ဓာကိုယ်တွင် "ပေ" ပြတတ်သော ပထဝီ ရုပ်ဓါတ် လက္ခဏာ များကား။ ရှရှ မှမှ။ တောင့်တောင့် တင်းတင်း။ ထိုင်းထိုင်း မှိုင်းမှိုင်း။ အုံတုံတုံ၊ ခေါင်းကြီး ကိုယ်ကြီး၊ လေးတေးတေး၊ တင်းကြပ်ကြပ်၊ ထုံကျင်ကျင်၊ စစ်တစ်တစ် ဟူ၍။ မူလ ဓါတ်ရင်း သဘောလက္ခဏာ အတိုင်း "ပေ" ပြတတ်ကြသည်။

## အာပေါရုပ်ဓါတ်၏ သဘော။

အာပေါရုပ်ဓါတ်သည် ရုပ်ကလာပ်စုတွေကို ဖရိ ဖရဲ ကြဲ၍ မသွားရ လေအောင် စုစည်း တွယ်ကပ် တွဲစပ် ဖွဲ့စည်း၍ ထားတတ်ခြင်း ရိုပျော်ယိုစီးခြင်း သဘောရှိ၏ ၎င်း ဓါတ်' လွန်ကဲ ထက်မြက်လျှင် အရည်ဖြစ်၍ နုလျှင် ခဲ၏ ပြစ်ချွဲ၏ ထိုကဲ့သို့ အရည် အစေး ခဲမှု ပြစ်ချွဲမှု သဘော တရား စုတို့ကို အာပေါ ရုပ် ဓါတ် ဟုခေါ်သည်။ အာပေါ ပရမတ် ဓါတ် စင်ကိုမူ ခန္ဓာကိုယ် ကွင် ရှိသောအခါ သူ၏ သဘောလက္ခဏာကို ပိပသနာ ဉာဏ် မျက်စိနှင့် သာ တွေ့နိုင် သိနိုင်၏ ပုထုဇဉ် တို့၏ သာမန် မျက်စိ နှင့် မမြင် နိုင်ချေ။

အာပေါဓါတ်များသည်-ခန္ဓာ တွင်း၌ အမျိုး အားဖြင့် (၁၂) မျိုးရှိ၍ ၎င်းတို့သည် ကား။

| | |
|---|---|
| ၁။ ပိတ္တံ-သည်းခြေ။ | ၇။ အဿု-မျက်ရည်။ |
| ၂။ သေမှံ-သလိပ်။ | ၈။ ဝသာ-ဆီကြည်။ |
| ၃။ ပုဗ္ဗော-ပြည်။ | ၉။ ခေလော-တံတွေး။ |
| ၄။ လောဟိတံ-သွေး။ | ၁၀။ သိင်္ဃာဏိကာ-နှပ်။ |
| ၅။ သေဒေါ-ချွေး။ | ၁၁။ လသိကာ-အစေး။ |
| ၆။ မေဒေါ-အဆီခဲ။ | ၁၂။ မုတ္တံ-ကျင်ငယ်။ |

ခန္ဓာကိုယ်တွင်- တရားရှုသော အခါ၌၊ "ပေါ" ပြတတ်သော အာပေါ ရုပ်ဓါတ် ၏ သဘော လက္ခဏာများ ကား။ စီးထမ်းထမ်း။ ချွေးစီးယိုထွက်ခြင်း။ မျက်ရည်ယိုကျခြင်း တံတွေးယိုစီးကျခြင်း။ နှာရည်ယိုကျခြင်း။ များတို့ပေတည်း။

ၔင်း အာပေါရေဓါတ်သည် ခန္ဓာ ကိုယ်ကို မည်ကဲ့သို့ ဖွဲ့စည်း ထားပုံ ဖွဲ့စည်းထားနည်းကို ထင်ရှားစေရန်ပြဆိုပါအံ့။ လှည်းသွားသမ်းကြောင်းမှ ရအပ်သော ပထဝီမြေမှုန့် များတို့ကို စုပေါင်း၍လေတွင်လွှင့်လိုက်ပါက ထိုမြေမှုန့်များသည် လေထဲ၌ ဖရိုဖရဲကြဲ၍ - လွှင့်စင် သွားလေတော့၏ ထိုကဲ့သို့ ဖရိုဖရဲ တကွဲ တပြားစီ မသွားရလေအောင် ၎င်း ပထဝီ မြေမှုန့်ကလေးများကို အာပေါရေဓါတ်နှင့်ပေါင်းစု၍ ရောနယ်လိုက်ပါမူ ပထဝီမြေမှုန့် ခဲကြီးအသွင်သို့ ပြောင်းသွား လေတော့၏ ၎င်းမြေမှုန့်ခဲ ဝါ ရွံ့တုံးခဲကလေးကို လူရုပ် နွားရုပ် မြင်းရုပ် စသည်ဖြင့် ပြုပြင် လုပ်ကိုင် လိုက်ပြန်သော် ထိုပညတ်ရုပ် အသွင်ကလေးများဖြစ် ပေါ်လာပြန်တော့၏။ ဤကဲ့သို့ ဖြစ်စွမ်းနိုင်မှုကား အာပေါ ရေဓါတ်၏ အစွမ်းဘည်း-ထိုနည်းတူစွာ လူသတ္တဝါတို့၏ ခန္ဓာ ကိုယ်ကြီးကိုလည်း အာပေါဓါတ်၏ အစွမ်းအားဖြင့် ဖွဲ့စည်း တည်ရှိနေလေသည်။ ထိုကဲ့သို့ ဖြစ်ပေါ် တည်ရှိနေမှု အလုံးစုံကို ဝိပဿနာဉာဏ် အမြင်သန်အောင် ဗဟုလီကတော ကြိမ်ဖန် များစွာ ဘာဝိတော ပွားများကြရန် ကြိုးစားအပ်ပေသည်။

ထိုကဲ့သို့ အာပေါဓါတ် ဖွဲ့စည်းထားအပ်သော လူ သတ္တဝါတို့၏ ရုပ်ကလာပ်စုကြီးကို ဝါယောလေဓါတ် ဆောင် ၍ လှုပ်ရှား သွားလာ စားသောက် ဇနကြသော အာဂန္တုက ပရမတ် ဓါတ်သဘောတုံး ၊ သဘောခဲကြီးဟု သိမှတ်၍ ရှုအပ်၏။

## ဝါယော ရုပ်ဓါတ် သဘော။

ဝါယော ရုပ်ဓါတ်သည် လှုပ်ရှား ယိမ်းယိုင် တွန်းကန် တိုးဝှေ့ခြင်းနှင့် အဟုန်ပြင်းထန်ခြင်း သဘောရှိ၏၊ ဝါယော

လေဓါတ် နှလျှင် ငြိမ်သက်၏ လွှန်ကဲလျှင် ပြေးလွှင့် လှုပ်ရှား အဟုန်ပြင်းထန်ခြင်း သဘောရှိ၍၊ ထိုဝါယောဓါတ် အစစ်၏ သဘော လက္ခဏာကို ခန္ဓာကိုယ်ပေါ်တွင် ဝိပဿနာ ဉာဏ် မျက်စိနှင့်သာ ရှု၍မြင်နိုင်သည် ပုထုဇဉ်တို့၏ မျက်စိနှင့် မမြင် နိုင်ခြေ။

၎င်း ဝါယော ဓါတ်များသည် ခန္ဓာကိုယ်တွင်း၌၊ အမျိုး အားဖြင့် ( ၆ ) မျိုးရှိ၍၊ ၎င်းတို့ သည်ကား။

၁။ ဥဒ္ဓင်္ဂမ ဝါယော - ဝမ်းတွင်းမှ အထက်သို့ ဆန်တက်၍၊ အာကာသ ပေါက်ရှိရာသို့ ထွက်သော လေဘမျိုး။

၂။ အဓောဂမဝါယော- ဝမ်းတွင်းမှ အောက်အပေါက် ရှိရာ သို့၊ စုံဆင်း၍ထွက်သော လေတမျိုး။

၃။ ကောဋ္ဌာသယ ဝါယော-အူအ ဘွင်း၌ အောင်း၍ နေသော လေတမျိုး။

၄။ ကုစ္ဆိသယ ဝါယော-အူအပြင်ပ ဝမ်းခေါင်း ရင်ခေါင်း ထဲ၌ အောင်း၍နေသော လေတမျိုး။

၅။ အင်္ဂမင်္ဂါနုသာရီ ဝါယော-ဝမ်းခေါင်း ရင်ခေါင်းမှ လွတ် ရာတကိုယ်လုံး အနှံ့ အပြား အင်္ဂါကြီး ငယ် ဟူသမျှတို့ကို သွားလာ နေသော လေတမျိုး။

၆။ အဿာသ ပဿာသ ဝါယော - နှာမဲ့ဓါတ်ရှိသော သတ္တဝါ တို့၏၊ သန္တာန်၌၊ ထွက်သက် ဝင်သက် လေတမျိုး။

ဝိပဿနာ တရားရှုရာ၌၊ ခန္ဓာကိုယ်တွင် ပေါ်လွင် ထင် ရှားစေတတ်သော ဝါယောဓါတ်၏ သဘော လက္ခဏာ များကား။ ရှေ့သို့ ညွတ်၍ ယိမ်းခြင်း၊ နောက်သို့ ယိမ်းခြင်း၊

လက်ဝဲ လက်ယာ ညွတ်၍ ယိမ်းခြင်း၊ တွန်းသကဲ့သို့ အထက်သို့ ကြွတက် တတ်ခြင်း၊ ကြောက်သွေးတုံး သကဲ့သို့ လှုပ်ခြင်း။ ခန္ဓာ တကိုယ်လုံး ယိမ်းယိုင် နေတတ်ခြင်း၊ ရင်ထဲမှ တလှပ်လှပ် လှုပ်ခြင်း၊ ရင်ထဲမှ တဒိတ်ဒိတ် ဖြစ်ခြင်း၊ မြွေလျှောင် လှုပ်သကဲ့သို့ လှုပ်တတ်ခြင်း တို့ပေတည်း၊

ဝါယော လေဓါတ်၏ သဘော သတ္တိကို သာဓက အားဖြင့် ထင်ရှားစေပါအံ့။ သတ္တဝါတို့၏ ခန္ဓာ ကိုယ်တွင်း၌၊ ရှိကြကုန်သော အကြော ကြီး ငယ် အသွယ်သွယ် များထဲတွင်။ သွေးနှင့် ဝါယော လေဓါတ် ရောစပ်၍၊ တကိုယ်လုံးကို ပြန့်နှံ့ သွားလာ နေကြ၏။ ထို သွေး လေကြော ကြီး ငယ် တို့သည်။ စိတ်ဓါတ်က ညွတ်တိုင်း ညွတ်တိုင်း စေတနာ၏ စေ့ဆော်ပြုပြင် ပေးမှုကြောင့် ထိုသွေး လေကြော ကြီး ငယ် တို့သည် သူ့ဆိုင် ရာ ဆိုင်ရာ ဌာနနှင့်သူ အသီးသီး လှုပ်ရှား ပေးကြလေသည်။ ထိုကဲ့သို့ ညွတ်မှု စေ့ဆော် ပြုပြင်မှု လှုပ်ရှား မှုတို့သည် ငယ်စဉ် ကပင် အကျင့်ရ၍ လျှပ်စစ်ကဲ့သို့ အလွန်မြန် ထက်လှသဖြင့် စိတ်ဓါတ် တခုတည်း၏ အနုပေါ်ကြောင့်သာ လှုပ်ရှား သွား လာ စားသောက် နေကြသည်ဟု ပုထုဇဉ် တိုင်းလိုပင် အထင် မှား အမြင်မှား ဖြစ်၍ သက္ကာယ ဒိဋ္ဌိကြီး စွဲကပ်နေကြလေသည်။ (သွေးလေ အကြောပုံကို စာမျက်နှာ (၂၁) တွင်ကြည့်ပါ) အကယ်၍ သတ္တဝါတို့သည် ဝါယော လေဓါတ်၏ အရှိန် အာ ဝါသ မပါဘဲ စိတ် ဝိညာဉ်ဓါတ်၏ အာနုပေါ် တခုတည်း ကြောင့်သာ သွားလာ လှုပ်ရှား နေကြသည်ဟု ဆိုငြားအံ့။ မိမိ ၏ ရှင်းသော သာဓက တခုကို ပြဆိုပါဦးမည်၊ ခြေတဖက် လက်တဖက် မလှုပ်ရှား မသွားလာနိုင်ဘဲ လေငန်းရောဂါ စွဲ ကပ် နေ သူ တဦး ရှိပါ၏။ ထိုကဲ့သို့ ဖြစ်ရခြင်း အမှုံကား

ထိုမလှုပ်ရှား နိုင်သော ခြေနှင့် လက်သို့ သွေး လေ သွားလာမှု ရပ်စဲနေ၍သော်၎င်း သွားလာမှု ရပ်လျော့ ချို့ယွင်းနေ၍သော်၎င်း အမှန် ဖြစ်ရာ၏။ ထိုသူသည် နာမ်တရား မချုပ် ငြိမ်းသေးသောကြောင့် ဝိညာဉ် စိတ်သည် အမှန်ရှိနေ၏။ သူသည် ထို စိတ်ဓါတ် ရှိနေသေးသောကြောင့် သူ၏ မလှုပ်ရှား နိုင်သော ခြေနှင့်လက်ကို၊ လှုပ်ရှားသွားလာရန် သူ၏စိတ်က အမြဲညွတ်၏ စေတနာကလည်း စေ့ဆော်အားပေး၏ သို့သော် မအောင် မြင်ခြေ။

အဘယ်ကြောင့်ဆိုသော် လှုပ်ရှားမှုကို စွမ်းဆောင်နိုင်သော ဝါယော လေဓါတ် ရပ်လျော့ချို့ယွင်းနေသောကြောင့် ပင်တည်း။ ယင်းသာဓကများကို ထောက်ရှု၍၊ လူသတ္တဝါတို့သည်။ စိတ်ဓါတ်ဘခုတည်း၏၊ အစွမ်းကြောင့် လှုပ်ရှားသွားလာ စားသောက်နေကြသည်ဟု ထင်မြင်ယူဆနေခြင်းများသည် မမှန်ကြောင်း ထင်ရှား၍နေသဖြင့်၊ သူ ငါမဟုတ်သော ဘုရားဟောဓါတ်သဘောကို ဝိပဿနာ ကမ္မဋ္ဌာန်းရှုရာ၌၊ ပေါက်ရောက် ထင်မြင်အောင် ဤတရားစာဘတ်ရှုကြသော ယောဂီဝင် သူတော်စင်အပေါင်းတို့သည်၊အဖန်ဖန် မပြတ်မလပ် ရှုအပ်လှပေသည်။ သွေးလေပေါင်းစပ်၍ တကိုယ်လုံး သွားလာနေသောအကြောများသည် ဟဒယ နှလုံးရပ်မှ အစပြု၍ သွားလာနေကြကြောင်းကို။ စိတ်-ဓါတ် ရှင်းပြသောအခန်း စာမျက်နှာ ၂၀ နှင့် ၂၁ ကြား၌၊ ထင်ရှားအောင်တင်ပြထားပါသည်။

## တေဇော-ရုပ်ဓါတ်-သဘော

တေဇော မီးဓါတ်သည်။ပူ-အေး-ရင့်ကျက် လောင်ကြွမ်း အရှိန်-အငွေ့-သဘောတရားတို့ပေတည်း။ ၎င်း ဓါတ်လွန်ကဲ လျှင်၊ ပူခြင်း-အေးခြင်း သဘောရှိ၏။ နုလျှင်-မှုတ၍နေ၏။ ထိုသဘောရှိသော လက္ခဏာတို့ကို ခန္ဓာတွင် ဝိပဿနာညာဏ် မျက်စိအားဖြင့်သာမြင်နိုင်၍ ပုတုဇဉ်တို့ မျက်စိနှင့်မမြင်နိုင်ခြေ။

## ခန္ဓာတွင်း၌ရှိသော=တေဇောဓါတ်

## (၄)ပါးကိုပြဆိုပါအံ့

၁။ **ပါစကတေဇော** ခန္ဓာတွင်းသို့ မျိုသွင်းသမျှသော အစာအဟာရတို့ကို ကြေချက်စေတတ်သောအပူဓါတ်၊

၂။ **သန္တာပနတေဇော** ပကတိကိုယ်ငွေ့(ဥသ္မာမီး) ထက် ပြင်းထန်စွာပူတတ်သောတေဇော (နဂိုလ် ကိုယ် ငွေ့ထက်ပူ၍ ဖျားနာခြင်းကိုဆိုလိုသည်)

၃။ **ဒါဟတေဇော** ၎င်းတေဇောသည် သန္တာပနတေ ဇောထက်ပြင်းထန်၍ လူးလှိမ့်ရလောက်အောင် သေ ခြင်းသို့ရောက်လောက်အောင် ပူသော တေဇော။ အပူ ရှိန်အလွန်ပြင်းထန်သော အဖျားရောဂါများဖြစ်၍၊ အ ဖျားဒီဂရီ ၁၀၂-၁၀၃-၁၀၄ ရှိသောအပူများတည်း။

၄။ **ဇီရဏတေဇော** ခန္ဓာကိုယ်ကြီးကို တနေ့ထက်တ နေ့ တလထက်တလ တနှစ်ထက်တနှစ် ၇င့်ရော်ဆွေး မြည့် ဆုတ်ယုတ်စေတတ်သော တေဇော (သွားကျိုး

ဆံဖြူ-မျက်စိမှုံ-ခါးကုံး-အသား အရေတွန့်လိပ်ခြင်း စသည်တို့ကိုဖြစ်စေခြင်းတို့ပေတည်း။)

ခန္ဓာဘွင် တေဇော ရုပ်ခါတ်ပေါ်တတ်သော သဘော လက္ခဏာများကား ရင်ထဲကပူတူဘူ အေးတေးတေး နွေးတေးတေး အပူထုတ်သကဲ့သို့ ပူရှိန်ရှိန်ကြီးဖြစ်သွားတတ်ခြင်းတို့ပေတည်း။

ထိုဓါတ်ကြီးလေးပါးတို့သည် ခန္ဓာတကိုယ်လုံးကို ကြီးကြယ်ထင်ရှားဖြစ်ပေါ်တတ်မှုကြောင့်ဒင်း တန္တေ-သူရဲများကဲ့သို့ အမှန်အမြဲမရှိသော အာဂန္တုက ပညာရုပ်အားဖြင့် ဖန်တည်း၍ အဟုတ်ထင်မှတ်အောင် ပြုပြင်ဖန်ဆင်းထားနိုင်သောကြောင့်ဒင်း မဟာဘုတ်အခံဓါတ်ကြီးများဟူ၍ခေါ်သည်။ဒင်း ဓါတ်ကြီးလေးပါးတို့သည် တခုစီခွဲခြား၍နေသည်လည်းမဟုတ်ကြ။ ဝဏ္ဏအဆင်း-ဂန္ဓအနံ့-ရသ အရသာ ဩဇာအဆီဟု ဆိုအပ်သော အမှီပြုသောရုပ်ငယ် လေးပါးတို့သည်လည်း တွဲစပ်ရောသွေ လျက်ရှိနေကြလေသည်။ ထိုကဲ့သို့ တွဲစပ်ရောထွေး၍ နေကြသည်ကိုယောဂီတို့၏ အသိညဏ်မျက်စိနှင့်ခွဲခြားစိတ်ဖြာ၍ ပရမတ်ဓါတ် ပေါ်လွင်ထင်ရှားအောင် ဖေါက်ထွင်း၍ မပြတ်မလတ် အထပ်ထပ်ရှုမှတ် ပွားများရခြင်းအလုပ်သည် ဗုဒ္ဓဘုရားရှင်တော်၏ အဆုံးအမဖြစ်သော ပဋိပတ်သာသနာတော်တွင်ပဋ္ဌမဦးစွာလေ့ကျင့်အပ်သောလုပ်ငန်းစဉ်တရပ်ပေတည်း။

သူငါအစ သတ္တဝါဟူသမျှတို့သည် ပရမတ်ရုပ် ဓါတ်ကြီးလေးပါးတို့၏ ပေါင်းစီးဖွဲ့စပ်-ထားအပ်သောအလွန်သေးငယ်လှသော ပရမတ္ထမြူမှုံကလေးသည်။ အမိ-အဖတို့၏ ဥတုသွေးဓါတ်နှင့် ရောစပ်ထွေးရှက်ပြီးလျှင် ထွားကျိုင်းလာသည်မှ

အစပြု၍ ယနေ့ ယခုဖြစ်ပေါ်တွေ့ရှိနေသော အဂင်္ဂုတ္တရ ပညတ်ရပ်ကြီးထိအောင် ပြုပြင်ဖန်ဆင်းထားမှုမျှသာ ဖြစ်သောကြောင့် ၎င်းဓါတ်ကြီးလေးပါးတို့ ခန္ဓာတွင်း၌ မျှတ နေကြခိုက်တွင် ခန္ဓာကိုယ် အစိတ်အပိုင်းတို့သည် ဥပါဒ်အန္တရာယ်မဖြစ်ကြဘဲ နေထိုင်၍ကောင်းကြ၏ ၎င်းဓါတ်ကြီးတပါးပါး မမျှမတချို့ ယွင်းဖေါက်ပြန်မှု ရှိသည်နှင့်တပြိုင်နက် ခန္ဓာကိုယ်ကြီး၏ နေမှု ထိုင်မှုသည် ပြေပြစ်ခြင်းမရှိတော့ဘဲ ဖေါက်ပြန်မှုဖြစ်ဘတ်ကြ သည်များကို ယောဂီ အပေါင်းတို့သည် ကောင်းစွာသိအပ် ရှုအပ်လှ၏။

ယင်းအကြောင်းများကြောင့် ရှင်တော်ဘုရားက 'ဓမ္မာ နိသတ္တ-နိဇ္ဇီဝ သဘာဝ' လူကွေသည် အသက်လိပ်ပြာရှိသော သတ္တဝါများမဟုတ်ကြ ''ဓမ္မာ'' ဓါတ်သဘောအားဖြင့်သာ ဖန်တည်း၍ တည်နေသော အဂင်္ဂုတ္တရ ပညတ်ရပ်တွေသာဖြစ် ကြောင်း ဟောထားခဲ့လေသည် ထိုဓါတ်ပေါင်းစုတွေကို ကံစိတ် ဥတု အဟာရ ဟုဆိုအပ်သော အကြောင်းလေးခု ကျေးဇူးပြု မှုကြောင့် ကံ ကိုအကြောင်းခံပြု၍ရအပ်သော ကမ္မဇ အနုတ္တ ရုပ်ကြီးပေတည်းဟုရှုမှတ်အပ်၏။

ထိုကြောင့်အကျဉ်းချုပ်အားဖြင့် ဓါတ်သဘောကို လွယ် ကူစွာမှတ်သားထားနိုင်ရန် အောက်ဖေါ်ပြပါ ဆောင်ပုဒ်ကို လေ့ကျင့်၍ အာကုန်ဆောင်ထားကြပါကုန်။

ရုပ်ကလပ်တည်မှု - မပြတ်ရှုလေ့။
ပထဝီ(၂၀) - အမာတယ်။
အာပေါ(၁၂) - ဖွဲ့စည်းဖြစ်။
ဝါယော(၆)ပါး - ထောက်ကံထား။
တေဇော(၄)ချက် - ရင့်ကျက်စက်။
ပေါင်းစပ်တည်တါ(၄၂)ဖြာ - ဓါတ်ကောင်ကြီးဟာ
ဘုရားဟောပါ။
ထိုတရားစုပေါက်အောင်ရှု - ရောက်မှုနိဗ္ဗူတာ။

**ပသာဒရုပ်-အကြည်ဓါတ်(၅)ပါး။**

---

## စက္ခုမျက်စိအကြည်ဓါတ်။

မျက်စိအကြည်ရုပ်ဓါတ်သည် ဓါတ်ကြီးလေးပါးကိုအမှီပြု၍ ဖြစ်ပေါ်လာရ၏ ၎င်းသည်အမှီပြုရာ ဓါတ်ကြီးလေးပါးကိုလည်း ကြည့်လင်စေပြီးလျှင် မျက်လုံးအိမ်အတွင်းရှိ မျက်နက်ဝိုင်း၏ အလယ်ဘွင် သန်းဥမျှ ပမာဏရှိသောနေရာ၌ ရုပ်ကလပ်တို့ကိုစွဲမှီ၍ တည်နေ၏ မှန်ကဲ့သို့အလွန်ကြည်လင်သောကြောင့် သူနှင့်မျက်နှာခြင်းဆိုင်အရပ်မှ ပေါ်အပ်သော ရူပါရုံ အဆင်းအရာဝတ္ထုဟူသမျှတို့သည် ထိုအကြည်ဓါတ်ထဲ၌ ပေါ်လာ၍ မြင်စွမ်းနိုင်၏ (သူသည်ရုပ်ဖြစ်ခြင်းကြောင့် ပိုင်းခြားမှတ်သားတတ်ခြင်းမပြုနိုင် သညာနာမ်ဓါတ်ကသာ ကြီးသည် ငယ်သည် လူ-နွား-သစ်ပင် မီးရထားဟူ၍ ခွဲခြားမှတ်သားလေသည်။)

## သောတ နားအကြည်ဓါတ်။

သောတ နားအကြည်ရုပ်ဓါတ်သည်။ ဓါတ်ကြီးလေးပါးကိုမှီတွယ်၍ဖြစ်ပေါ်ရ၏ ၎င်းရုပ်ဓါတ်သည် အမှီပြုရာဓါတ်ကြီးလေးပါးကိုလည်းကြည်လင်စေ၏၊ သူသည် နားအိမ်အတွင်းတွင် အလွန်နီမြန်းနုထွင်သော အနီဝိုင်းသဏ္ဍာန်ကလေးနေရာ၌ ရုပ်ကလာပ်စုတို့ကိုစွဲမှီ၍တည်နေ၏ အလွန်ကြည်လင်သောဓါတ်ရှိသဖြင့် အသံဟူသမျှ သူက အကုန်ကြား၏ (သူသည် ရုပ် ဖြစ်ခြင်းကြောင့် ပိုင်းခြားမှတ်သားတတ်ခြင်းမပြုနိုင် အသံကြီးသည်၊ကြယ်သည်-ကောင်းသည်-လူသံ-နွားသံ-ခွေးသံဟူ၍ သညာနာမ်ဓါတ်က ခွဲခြားမှတ်သားခြင်းပြုလေသည်။)

## ဃာန-နှာခေါင်းအကြည်ဓါတ်။

ဃာန နှာခေါင်းအကြည်ရုပ်ဓါတ်သည် ဓါတ်ကြီးလေးပါးကို မှီတွယ်၍ဖြစ်ပေါ်ရ၏။ ၎င်းသည်အမှီပြုရာ ဓါတ်ကြီးများကိုလည်းကြည်လင်စေ၏။ထိုရုပ်ဓါတ်သည်နှာခေါင်းအိမ်အတွင်း၌ နစ်ခွာသဏ္ဍာန်ရှိသော အသားနုကလေးဖြစ်၍ ရုပ်ကလာပ်စုတို့ကို မှီတွယ်၍တည်နေ၏။ အလွန်ကြည်လင်သောဓါတ်ရှိသည်ဖြစ်၍ အနံ့ဟူသမျှ သူကနံ၏(သူသည်ရုပ်ဖြစ်သောကြောင့် ပိုင်းခြား မှတ်သားတတ်ခြင်းမပြုနိုင် မွှေးသည်-ပုပ်သည်ဆီနံ့-ထောပတ်နံ့-မစင်နံ့ဟူ၍ သညာနာမ်ဓါတ်က သာခွဲခြားမှတ်သားလေသည်။)

## ဇိဝှါ-လျှာအကြည်ဓါတ်။

ဇိဝှါ လျှာအကြည်ရုပ်ဓါတ်သည် ဓါတ်ကြီး လေးပါးကိုမှီတွယ်၍ဖြစ်ပေါ်ရ၏။ ၎င်းသည်အမှီပြုရာဓါတ်ကြီးများကို

လည်း ကြည်လင်စေတတ်၏ ထိုရုပ်ဂါတ်သည် လျှာအလယ်၌ သစ်ရွက်ပိုင်းပုံသဏ္ဍာန်ကဲ့သို့ ရုပ်ကလာပ်စုတို့ကိုမှီတွယ်၍တည် နေ၏ အလွန်ကြည်လင်သဖြင့် အရသာဟူသမျှ သူကစား၏ (သူသည်ရုပ်ဖြစ်ခြင်းကြောင့်ချိုသည်-ခါးသည်-ပူသည်-ငံသည် စပ်သည်ဟူ၍ ပိုင်းခြားမှတ်သားတတ်ခြင်းမပြုနိုင် သညာနာမ် ဂါတ်ကသာခွဲခြားမှတ်သားလေသည်။)

## ကာယ-ကိုယ်အကြည်ဓါတ်၊

ကာယ-ကိုယ်အကြည်ရုပ်ဂါတ်သည်ဂါတ်ကြီးလေးပါး ကို အမှီပြု၍ ဖြစ်ပေါ်ရ၏ သူသည်အမှီပြုရာ ဂါတ်ကြီးများကို လည်းကြည်လင်စေ၏ ထိုကာယအကြည်ဂါတ်သည် ခြေသည်း လက်သည်း-ဆံပင်ဖျား-မွေးညှင်းဖျား-ခြောက်သွေ့သော အ မာရွတ်-နှပ်-တံထွေး-အစာသစ်-အစာဟောင်း စသည်တို့ကို ချန်လှပ်၍ ကျန်သမျှသောနေရာ၊ တကိုယ်လုံး၌ ပြန့်နှံ့တည်နေ၏ ကြည်လင်စေ၏ အကြည်ဂါတ်ရှိသဖြင့် ထိတွေ့မှုဟူသမျှအကုန် သိ၏(သူသည်ရုပ်ဖြစ်ခြင်းကြောင့် ပိုင်းခြားမှတ်သားတတ်ခြင်း မပြုနိုင်ပေ၊ ကြမ်းသည်-နုသည် -နာကြင်သည်-ပူသည်-အေး သည်ဟူ၍ သညာနာမ်ဂါတ်ကသာ ခွဲခြားမှတ်သားလေသည်။

## အာရုံဓါတ်ငါးပါး။

၁။ အဆင်းဟူသမျှကို-ရူပါရုံခေါ်သည်။
၂။ အသံဟူသမျှကို-သဒ္ဒါရုံခေါ်သည်။
၃။ အနံ့ဟူသမျှကို-ဂန္ဓာရုံခေါ်သည်။
၄။ အရသာဟူသမျှကို-ရသာရုံခေါ်သည်၊
၅။ ထိတွေ့မှုဟူသမျှကို-ဖေါဋ္ဌဗ္ဗါရုံခေါ်သည်။
၅ါငါးပါးကို-ကာမဂုဏ်ငါးပါးဟုခေါ်သည်။

## ဘာဝရုပ်(၁)ပါး။

ဣတ္ထိဘာဝ မိန်းမပုံသဏ္ဌာန်ကိုခေါ်သည် ပုမ္ဘာဝ ယောက်ျားပုံသဏ္ဌာန်ကိုခေါ်သည် ထိုနှစ်မျိုးစလုံးကို ဘာဝ ပုံအသွင်အပြင်ဟူ၍ တမျိုးတည်းယူသည် ပုံသဏ္ဌာန်အသွင် အပြင် အမူအရာများကိုထောက်ရှု၍ မနောစိတ်၌ပညတ်အား ဖြင့် မိမ္မ-ယောက်ျားဟူ၍ ခွဲခြားသိရ၏။

## ဇီဝိတရုပ်(၁)ပါး။

ဇီဝိတ-ကိုယ်စောင့်ရုပ် ဟုဆိုရာ၌ ဥပမာနှင့်ပြရသော် မျိုး စေ့မှပေါက်ပွား၍လာသောသစ်ပင်ကိုမြေကြီးကစောင့်ထိန်း၍ ထားရသကဲ့သို့ ကံကြောင့်ဖြစ်ပေါ်လာတတ်သော အာဂန္တုက ရုပ်တရားစုတို့ကို ဇီဝိတ ရုပ်ကစောင့်ရှောက်၍ ထားရလေသည် ထိုကံကြောင့်ဖြစ်သော အာဂန္တုကရုပ်တို့ ချုပ်ငြိမ်းလျှင်လည်း ထိုရုပ်တို့ကို မှီတွယ်ရမှဖြစ်သော ဇီဝိတ ရုပ်သည်လည်းချုပ်ငြိမ်း ရ၏ ထိုဇီဝိတရုပ်တည်ရှိမှသာလျှင် ပညတ်အားဖြင့်အရှင်ဟုခေါ် နိုင်သောကြောင့်၎င်းကို ကိုယ်စောင့်ရုပ်ဟူ၍ခေါ်သည် ၎င်းရုပ် နှစ်စုတို့သည် ကိုင်း ကျွန်းမှီ ကျွန်း ကိုင်းမှီသဘောမျိုး တဦး ကိုတဦး အပြန်အလှန်မှီတွယ်နေကြသည်။

## ဟဒယဝတ္ထုရုပ်(၁)ပါး။

ဟဒယ ဝတ္ထုရုပ်သည်၊ မနော ဝိညာဏ် နာမ် တရား၏ တည်ရာမှီရာဖြစ်သော ရုပ် ငယ်တခုဖြစ်သည် ထို ရုပ်အတွင်းမှ ကောင်းသောစိတ် မကောင်းသောစိတ်များ ပေါ်ထွက်လာနိုင် လေသည် ထိုရုပ်သည် ရင်သားနှင့်ခုကြား၏အလယ် အောက် နား၌တည်ရှိသည် ၎င်းကို နှလုံးရုပ်ဟုလည်းခေါ်သည်။

စာမျက်နှာ(၂၀-နှင့်-၂၁)ကြား ရုပ်ပုံကိုကြည့်ပါ

## အာဟာရရုပ်-၁-ပါး

အာဟာရရုပ်သည်၊ မဟာဘုတ်ဓါတ်ကြီး၊ လေးပါးတို့၏ ပရမတ် ဓါတ်ဆီ ဖြစ်၍၊ ခန္ဓာ တကိုယ်လုံးကို အာဟာရဓါတ် ထောက်ပံ့ပေးနေသော ရုပ်ငယ်တမျိုးဖြစ်လေသည်၊ လူသတ္တဝါ ဟူသမျှတို့ နေ့စဉ်မပြတ် စားသောက်မျိုသွင်း နေကြသော၊ အာဟာရ များသည်။ မဟာဘုတ်ဓါတ်ကြီး လေးပါးတို့ကို၊ မျှတ နေစေရန် အတွက် ဖြစ်သည်။ အာဟာရမရှိလျှင် - ဓါတ်များ၊ ဖေါက်ပြန်မှု ဖြစ်လာ၏။

ထိုရုပ်ဓါတ်( ၁၈ )ပါးတို့တွင်၊ ပထဝီ၊ အာပေါ ဝါယော တေဇော- စသောဓါတ်ကြီး လေးပါးတို့သည်၊ သစ်ပင်ကြီး တ ပင်၏- ထင်ရှားသော၊ ပင်စည်ပင်မကြီးနှင့်၊ ပမာတူ၏။ ထိုရုပ် ဓါတ်ကြီး လေးပါးကိုမှီဘွယ်၍၊ ဖြစ်ပေါ်နေသော၊ ရုပ်ဓါတ် ငယ်( ၁၄ )ပါးတို့သည်၊ ထိုသစ်ပင်ကြီး၏၊ အကိုင်း-အခက်-အ ရွက်-အပွင့်- အသီးတို့နှင့်ပမာတူကြ၏၊ ဝိပဿနာတရား ရှုရာ တွင်- ထိုအခံဓါတ်ကြီးလေးပါးတို့ကို၊ ပေါ်လွင်ထင်ရှား-အသိ ညဏ် ပွားများအောင်၊ မိမိခန္ဓာတွင်း၌၊ ၎င်းဓါတ်တို့၏ ဖြစ် မှု-ပျက်မှု-တို့ကို။ ကောင်းစွာ တွေ့မြင် ထင်ရှားလာသောအခါ တွင်-ပရမတ္ထမြှမှ မှအစပြု၍။ ယန္တေ-ယခု-ဓါတ်ပေါင်းစု၍ပေါ် လွင်ထင်ရှားနေသော။ အာဂန္တုကရုပ်ကြီးသည်။ ဝေါဟာရ ပ ညတ် ရုပ်ကြီးပါတကားဟု၊ အသိညဏ်သဘောပေါက်၍။ ပညတ် ရုပ်ကြီး။ ပျောက်ကွယ်သွားသည်ထိအောင်။ မပြတ်မလတ်၊ အ ထပ်ထပ်။ ရှုရန်လိုအပ်ပေသည်။

(ရုပ်ဓါတ် ၁၈-ပါးကို ရှင်းပြခြင်းပြီး၏)

## အသင်္ခတ-နိဗ္ဗာန်ဓါတ် ရှင်းပြခြင်း။

ယတ္ထအကြင် နိဗ္ဗာန်တရား၌၊ ရာဂေါ-ရာဂသည်ရင်း၊ ဒေါသော-ဒေါသ သည်ရင်း၊ မောဟော-မောဟ သည်ရင်း၊ ဒုက္ခံ-ဆင်းရဲ ဒုက္ခဟူသမျှ သည်ရင်း။ အသောကံ-စိုးရိမ်ခြင်း ကင်းရာဖြစ်သော သီတလံ-အေးချမ်းခြင်းသဘောရှိသော သန္တံ-ငြိမ်းချမ်းခြင်း သဘောရှိသော အလုံ စုံသော ဒုက္ခအပေါင်းတို့၏။ ချုပ်ငြိမ်းရာအမှန် ထိုနိဗ္ဗာန် တရားမြတ်သည်ကား။ဟိမဝန္တာ တော၌ရှိသော အလွန်အေးမြ ကြည်လင်သော အနောတတ် ရေအိုင်ကြီးနှင့် တူ၏၊ ထိုအနောတတ် ရေအိုင်ကြီးသို့။ အလွန် အားကြီးစွာ လောင်၍ လာကုန်သော တောမီး အလုံးစုံတို့ သည်။ ဆိုက်ရောက် ကြသည်ရှိသော် အကြွင်းမဲ့ သငြိမ်း ချုပ် ပျောက် ကြရကုန်၏။ ထိုနည်းတူစွာ(၁၁) ဘုံသားတို့၌။ ပြင်း ထန်စွာ လောင်၍ လာကြ ကုန်သော ရာဂမီး-ဒေါသမီး မောဟမီး-ဇာတိမီး-ဇရာမီး-မရဏမီး-သောကမီး- အစရှိ သော မီးအပေါင်းတို့၏။ အကြွင်းမဲ့-သငြိမ်း ချုပ်ပျောက် သွားရကုန်သော အသင်္ခတဓါတ် အဖြစ်နှင့် တည်နေသော ထို နိဗ္ဗာန်စခန်းသည်။ ဥပါဒ်-ဖြစ်ခြင်း၊ ဋ္ဌီ-ရင့်ကျက်ခြင်း၊ ဘင်-ပျက်ခြင်း၊ ဟူ၍ အရှုင်းမရှိ ပကတိ အမြဲ အေးချမ်းခြင်း သဘောပေတည်း။

## သောတာပန် စခန်း။

အသင်္ခတနိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ရန်-အကုသိုလ် စေတသိက် တို့ကိုနှင်ထုတ်ခြင်းအားဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ် နေကြသော အရိယာ သူတော်ကောင်း-ယောဂီ ဝင်အပေါင်းတို့သည် ပဌမဦးစွာ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ စသော

အကုသိုလ် စေတသိက် နှစ်ပါးတို့ ခန္ဓာမှ ချုပ်ငြိမ်း ကင်းပြတ် သွားမှု-အောင်မြင်ပါမူ ထိုယောဂီ သည်။ အပါယ် တံခါးပိတ်၍ သုဂတိ ဘုံ၌၊ (၇) ဘဝသာ ပဋိသန္ဓေအားဖြင့် ပြန်လာရန်ရှိသော သောတာပန် စခမ်းသို့ ရောက်ရှိပြီးလျှင် နိဗ္ဗာန်သို့ ဝင်နိုင်ရန် လက်မှတ်ရပုဂ္ဂိုလ် တဦး အဖြစ်သို့ ရောက်ရှိလေတော့၏။

ဤသောတာပန် စခမ်းသို့ အောင်မြင်စွာ ဆိုက်ရောက်သော ပုဂ္ဂိုလ်သည်။ ကျေးဇူး အတော်ပင် များလှ၍။ ဘုရားရှင်တော်၏။ ရွှေရင်တော်နှစ် သားတော် အစစ် ဖြစ်ရလေပြီ- အပါယ်ခလေးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍၊ ဖြစ်လေရာရာ၊ သုဂတိ ဘဝများ၌လည်း ကောင်းမြတ် ချမ်းသာသော အမျိုး၌သာ ဖြစ်လေတော့၏။ လူမင်း နတ်မင်းကြီးများ ဖြစ်၍။ ကာမဂုဏ် ချမ်းသာတွေနှင့် ပျော်ပါး မွေ့လျော်ပြီးလျှင် တရားကို မေ့လျော့၍။ နေငြားသော်လည်း၊ အလွန်ဆုံး ခုနစ်ဘဝသာ ပဋိသန္ဓေ အားဖြင့် ပြန်လာ၍။ ခုနစ်ဘဝသို့ ကျရောက်သော အခါ၌၊ နိဗ္ဗာန်သို့ စံဝင်လေတော့၏။ ရှစ်ခုမြောက်သော ဘဝသို့ ဘယ်ခါသောအခါမှ မပြန်လာတော့ချေ။ ထိုကြောင့် ဘုရားရှင်ကြီးက ဟောကြားထားခဲ့သည့်မှာ။

တေ ထိုအဖျင်းဆုံးသော သောတာပန် ပုဂ္ဂိုလ်တို့သည် အဋ္ဌမံဘဝံ ရှစ်ကြိမ်မြောက် ဘဝကို နအာဒိယန္တိ။ မယူတော့ကုန်။ သော၊ ထိုကာမဂုဏ်ကြိုက် အဖျင်းဆုံး-အညံ့ဆုံး သောသောတာပန် ပုဂ္ဂိုလ်သည် အဋ္ဌမံဘဝံ ရှစ်ကြိမ်မြောက်ဘဝကို နိဗ္ဗတ္တေတုံ ဖြစ်စေခြင်းငှါ။ အဘဗ္ဗော မထိုက်တော့ပြီ။ ဘိက္ခဝေ ရဟန်းတို့၊ ပုဂ္ဂလော ကာမဂုဏ်ကြိုက် အဖျင်းဆုံး အညံ့ဆုံး

သောတာပန် ပုဂ္ဂိုလ်သည်၊ ပရမံ အလွန်ဆုံး အားဖြင့်၊ သတ္တက္ခတ္တုံ့ပရ သတ္တက္ခတ္တုံ့ဧဝ ခုနစ်ကြိမ်သာလျှင် သန္ဓာဝိတွာန ကျင်လည်၍။ သမ္ဗသံယောဇနက္ခယာနောက်ဆုံး ခုနစ်ခုဘဝ၌ သံယောဇဉ် အလုံးစုံကုန်ခန်းခြင်းကြောင့် ဒုက္ခဿ သံသရာဝဋ် ဒုက္ခ၏။ အန္တံကရော အဆုံးကိုပြုသည်၊ ဟောတိ ဖြစ်၏။

## သကဒါဂါမိ စခန်း၊

ထိုစခန်းသို့ ရောက်ရှိပြီးသည်နောက် အရှိန်မပျက် ဆက်လက်၍။ ကြိုးစားအားထုတ်ပြန်သော် သကဒါဂါမိ မဂ်လမ်း ဒုတိယစခန်းသို့ ရောက်ရှိပေလိမ့်မည်။ ထိုစခန်းသို့ ရောက်သော ပုဂ္ဂိုလ်၏ ခန္ဓာ၌။ ကျန်ရှိသော အကုသိုလ် စေတသိက် (၁၂) ပါးမှ။ ယုတ်လျော့ခြင်း မရှိသေးသော်လည်း။ ဒေါသ မောဟ-လောဘ-ရာဂ-ဗျာပါဒ- တရားများ- ခေါင်းပါး လာသောကြောင့်။ ထိုစခန်းသို့ အမှန်ဆိုက်ရောက်သော ယောဂီသည် သုဂတိ ကာမဘုံသို့ တကြိမ်မျှသာ ပဋိသန္ဓေတည် လာ၍။ နိဗ္ဗာန်သို့ ဝင်လေတော့၏။

## အနာဂါမိ စခန်း။

တဖန်ဆက်လက်၍ ပွားများ အားထုတ်သွားပြန်သော် ကြမ်းတမ်းသော ကာမရာဂ-နှင့်တကွ (၁)ဒေါသ (၂) ဣဿ (၃)မစ္ဆရိယ (၄) ကုက္ကုစ္စ စသော အကုသိုလ် စေတသိက် လေးပါးတို့ ထပ်မံကုန်ခမ်း ချုပ်ငြိမ်းသွားသဖြင့် ထိုစခန်းသို့ အမှန်ဆိုက်ရောက်သော ယောဂီသည် ပဋိသန္ဓေအားဖြင့် သုဂတိ ကာမဘုံသို့ ပြန်၍မလာတော့ဘဲ။နိဗ္ဗာန်သို့တခါတည် ဝင်သွား

နှိုင်သော။ အနာဂါမိပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိလေတော့၏ ထိုစခမ်းသို့ အမှန်ရောက်သော ပုဂ္ဂိုလ်မှသာလျှင် တကယ်တန်း စိတ်ချရသဖြင့် ဗွန်းလွန်း ဆရာတော်ကြီးက သူ၏ အမှန် ကိုယ်တွေ့ အားဖြင့် ဘွင်းဘွင်းကြီး စပ်ဆိုထားသည်မှာ။

**သောတပန်– ဖိုလ်နှစ်ခု ဟိုအမှူ ကျန်သေးသည်။ အနာဂါမ် ကူးကာမှ ကာမ အာရုံ၊ ရာဂကုန်တော့တယ်တဲ့။**

အဓိပ္ပါယ်ကတော့။ သောတာပန်–သကဒါဂါမ်–ပုဂ္ဂိုလ်များသည် ကာမ ရာဂ တို့ကို၊ လုံး၀ မပယ်ကြသေး မချုပ်ငြိမ်းကြသေးသဖြင့်။ ထိုပုဂ္ဂိုလ်တို့ကို စိတ်မချရသေးဟု ဆိုလိုသည်။ အနာဂါမိစခမ်း အမှန်ရောက်သော ပုဂ္ဂိုလ်ကိုမှ ငါ သာဓု သုံးကြိမ် ခေါ်မည်ဟု ဟောထားလေသည်၊

အနာဂါမ်ရောက်သော ပုဂ္ဂိုလ်သည် ကာမရာဂနှင့်တကွ အကုသိုလ်စေသသိက် (၆)ပါးအမှန်ချုပ်ငြိမ်းသွားသဖြင့် ၀န်ပေါ့သွားသောကြောင့် တရားတိုးတက်မှု ပို၍မြန်လာတော့၏ ဥပမာအားဖြင့် မီးပုံးကလေး(၁၄)ပုံးဆွဲချိတ်၍ကောင်း ကင်သို့လွှတ်လိုက်သော။ မီးပုံးပျံကြီး တစ်လုံးသည်။ လမ်းခုလပ်လောက် ရောက်သောအခါ မီးပုံးကလေး(၆)လုံးကို စနက်တန့်နှင့်– ဖြုတ်ချလိုက်သော အခါတွင်။ ၀န်ပေါ့၍ အရှိန်ပြင်းစွာနှင့် အာကာသသို့။ ထိုးတက်ခြင်းနှင့်တူ၏။

## အရဟတ္တဖိုလ်

အရဟတ္တဖိုလ်။ စတုတ္ထစခမ်းတွင်။ ၀န်ကလဲပေါ့ ထက်သန်သော သဒ္ဓါဖိုလ်ကလည်း ကြီးထွားစွာနှင့်၊ ဆက်လက်ပွားများ

ပြန်သော်။ ရှေးစခမ်းများထက်။ လျှင်မြန်စွာ အောင်မြင်ပေလိမ့်မည် ဒီစခမ်းတွင်။ ကြွင်းကျန်သော။ အကုသိုလ် စေတသိက် (၈)ပါး (၁) လောဘ (၂) မောဟ (၃) မာန (၄) အဟိရိက (၅) အနောတ္တပ္ပ (၆) ထိန (၇) မိဒ္ဓ (၈) ဥဒ္ဓစ္စ-စသော။ အကုသိုလ် စေတသိက် ရှစ်ပါး။ခန္ဓာကိုယ်မှ လုံးဝ ချုပ်ငြိမ်းသွားသဖြင့်။ရဟန်း ကိစ္စပြီးဆုံး၍။ ရဟန္တာပုဂ္ဂိုလ်ထူး။ ပုဂ္ဂိုလ်မြတ် အဖြစ်ကိုရရှိပြီးလျှင်။ အသက်တ နိဗ္ဗာန်စခမ်းသို့။ ကူးဝင်ရန်သာ။ ကျန်ရှိပေတော့သည်။

အရဟတ္တဖိုလ်သို့၊ ဆိုက်ရောက်ပြီးသော။ ရဟန္တာ ပုဂ္ဂိုလ်သည်။ ခန္ဓာငါးပါး။ အကြွင်းရှိနေသေး သော်လည်း ကိလေသာ အညစ်အကြေး ဟူသမျှနှင့်။ အကုသိုလ် စေတသိက် အပေါင်းတို့၊ ခန္ဓာတွင်းမှ အကြွင်းအကျန်မရှိ။ ချုပ်ငြိမ်း ကွယ်ပျောက်၍၊ ခန္ဓာကိုယ်ကြီး လုံးဝ အေး ချမ်း သာ ယာ နေမှု "သဘော" ကို **သဉပါဒိသေသ နိဗ္ဗာန်** ဟု၊ ခေါ်သည်။

ထိုအချိန်အခါတွင်။ ပဉ္စုပ္ပန်ခန္ဓာ ဝန်ကြီး ကျန်ရှိနေသေး၍ ထိုရဟန္တာ။ ပုဂ္ဂိုလ်သည်။ ကမ္မဇရုပ်ချုပ်ငြိမ်းသော အခါ၌ ရအပ်သော၊ ငြိမ်းမှု **သဘော။** ပဋိစ္စသမုပ္ပါဒ် တရားကြီး။ ဘဝသံသရာဘွင်။ အဝေယ် ရပ်သွားမှု **သဘော။** ပဋိသန္ဓေ တဖန်ပြန်၍ မတည်သော **သဘော။** ဖြစ်ခြင်း၊ပျက်ခြင်း မရှိသော **သဘော။** ထို သဘောတရားစုတို့ကို၊ **အနုပါဒိသေသ နိဗ္ဗာန်** ဟု ခေါ်သည်။

နိဗ္ဗာန်၏ သဘောတရားကိုကား။ **အပူဒုက္ခ ဟူသမျှသော တရားအပေါင်းတို့ ချုပ်ငြိမ်းခြင်း သဘော**

**ကြောင့်၊ ရအပ် - ခံစားအပ်သော အေးချမ်းမှု သဘောတရား တခုတည်းကိုသာ** နိဗ္ဗာန်ဟူ၍ မှတ်ယူကြပါကုန်။

ထိုကြောင့်၊ နိဗ္ဗာန်သို့သွားတတ်လျှင်။ ခရီးမဝေး။ အနီးလေး။ ဟူ၍ဟောထားပါသည်။

(အသခ်တ-နိဗ္ဗာန်ဓါတ်ရှင်းပြခြင်းပြီး၏။)

---

## အကုသိုလ်-စေတသိက်တို့ကို-နှင်ထုတ်ရန်နည်းနှင့် ရှင်တော်ဘုရားမှာကြားခဲ့ခြင်းများ။

ထိုအကုသိုလ်စေသသိက်တို့ကို ဘုရားရှင်က ဗုဒ္ဓဘာသာဝင် သူတော်စဉ်တို့၏ ခန္ဓာတွင်း၌။ မထားထိုက် မထား စကောင်း။ လုံးဝနှင်ထုတ်ပစ်ရန်။ နည်းလမ်းများ ဟောကြားတော် မူခဲ့ပေသည်။ လူတို့သည်ထိုအကုသိုလ်စေသသိက် (၁၄)ပါး တို့ကို ညစ်ညမ်းဆိုးသွမ်း၍၊ အပါယ်ငရဲသို့ ပို့ဆောင်တတ် ကြောင်း သိကြငြားသော်လည်း။နှင်ထုတ်ခြင်းငှာ လုံ့လ မပြုကြဘဲ။ ခန္ဓာတွင်းသို့။ ဝင်ထွက်သွားလာ၍ နှောက်ယှက်မှုကို ကြည်ဖြူစွာ လက်ခံ နေကြသောကြောင့်ပင်တည်း။ ၎င်းတို့အား ထိရောက်စွာနှင်ထုတ် နည်းကို။ ရှေ့စာပိုဒ်များတွင် နားလည်အောင် ရေးသား ပြဆိုထားပါသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်က သူကိုယ်တိုင်နှင်ထုတ်မှုကို။ ကောင်းစွာ လေ့ကျင့်၍ အောင်မြင်ပြီးသောအခါမှ။ ဟောကြားထားခဲ့သည်မှာ သန္ဒိဋ္ဌိကော ကိုယ်တိုင်အားထုတ်လျှင် ကိုယ်တိုင်ခံစားသိရှိနိုင်၍ ပစ္စုပ္ပန် မျက်မှောက် ဘဝ၌ပင်လျှင် အကျိုးစီးပွားကို ဖြစ်ထွန်းနိုင် ကြောင်း။ ဟောထားခဲ့လေသည်။

ဒီကိလေသာ အကုသိုလ် စေသသိက်တို့ကို ခန္ဓာတွင်းမှ ချုပ်ငြိမ်းမှုရရန် အလုပ်ကား ခန္ဓာမှာရှုရသော ဝိပဿနာတရားကိုအားထုတ်မှုသည်သာလျှင် အကြောင်းရင်း ဖြစ်ပါသည်။ ထိုပဋိပတ်အလုပ် တရားများတို့ကို။ လေ့ကျင့်မှ စိတ်ချ လက်ချအောင်မြင်နိုင်သဖြင့်၊ ဘုရားရှင်ကြီးသည် သမ္ဗာဒိဋ္ဌိ ဗုဒ္ဓဘာသာဝင်လူမျိုးများ။ အမြဲလိုက်နာ ကျင့်သုံးကြရန် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးသည် တိုင်အောင်။ ညီတော် အာနန္ဒာအား ထပ်မံ၍မှာကြားခဲ့သည်မှာ။

ချစ်သားအာနန္ဒာ။ ဤစကြာဝလာတိုက်အတွင်း၌ ရှိကြကုန်သော။ များလှစွာသော လူနတ်မြဟ္မာ အပေါင်းတို့သည် ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး၌ အထူးထူးသော ပန်းသစ်ပင်။ လှူဘွယ်ဝတ္ထုတို့နှင့် ငါဘုရားအား ပူဇော်သက္ကာရပြုကြကုန်သည်၊ ဤသို့ပူဇော်ကာမျှဖြင့် ငါဘုရားအား ညွတ်တွားပူဇော်သည် မမည်သေး။ လောကုတ္တရာ တရားနှင့် လျော်သော အမှုတို့ကိုပြုသည် မမည်သေး။ ချစ်သားအာနန္ဒာ အကြင်ဥပသကာ။ ဥပသကီ အပေါင်းတို့သည်ရင်း။ ရဟန်းယောကျ်ားရဟန်း မိမ္မတို့သည်ရင်း။ ငါဘုရား ပညတ် ညွှန်ကြားတော် မူသော။ ပဋိပတ်အလုပ်တရားတို့ကို ရိုသေမြတ်နိုးစွာ ကျင့်၍နေကြကုန်၏။ ထိုသူတို့သာလျှင်။ ငါဘုရားကို ရိုသေ လေးစားသည်မည်၏။ ချစ်ကြည်မြတ်နိုး ရှိခိုးပူဇော်သည်မည်၏။

**ထို့ကြောင့် ငါဘုရား၏ သာသနာတော်တွင်း၌။ ချမ်းသာသုခကို အလိုရှိကြ ကုန်သော။ ဥပါသကာ- ဥပါသကီ ဘိက္ခု-ဘိက္ခုနီ အပေါင်းတို့သည်။ လောကုတ္တရာတရား၏ ရှေ့ရှုဘို့**

ဖြစ်သော။ ကျင့်ဝတ် ပဋိပတ်ကိုသာ ရှိသေလေး စားစွာကျင့်ကြံ အားထုတ်ကြကုန်ရာ၏ ဟူ၍မိန့်ကြား ခဲ့လေသည်။ (ပရိနိဗ္ဗာနသုတ်တွင်ကြည့်ပါ)

--------

## မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း- တရားများကို အမှန်အားထုတ်မှ ရနိုင်သော - သာဓကများ

ဘုရားရှင်ကြီးကတော့၊ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးတွင် သူကိုယ်တော်တိုင်။ လေ့ကျင့်- အားထုတ်ခဲ့တဲ့ ပဋိပတ် တရား တော်များကို မပျက်မကွက် အားထုတ်ရစ်ကြပါလို့ မှာကြား ခဲ့ပါတယ် ဤကဲ့သို့တရားတော်ကို လေးလေးစါးစါးနှင့် အား ထုတ်ကုန်ကြသော ပုဂ္ဂိုလ်များမှသာ သူ့ကိုရိုသေလေးစား ချစ် ကြည်မြတ်နိုးရာ ရောက်ကြမယ်တဲ့ ထိုထိုပုဂ္ဂိုလ်တို့သည် သာလျှင် ပကတိ ချမ်းသာသုခနှင့် ပြည့်စုံတဲ့ အသခံတနိဗ္ဗာန်ကို ရကြ ရောက်ကြလိမ့်မယ်။ အဲဒီလိုအသေအချာ ညီတော်အာနန္ဒာ အား မှာကြားခဲ့သည်ကိုပင် အလေးမမူ ဂရုမပြုကြဘဲ အချို့ အချို့ သော ရဟန်း ရှင်-လူ- ပုဂ္ဂိုလ်တို့သည် ရှင်တော်ဘုရား၏ တ ရားတော်ကို။ လေ့ကျက်၍သိလျှင်၊ကြားနာ၍သိလျှင်၊ပြီးမြောက် ကြတာဘဲ ဒုက္ခခံပြီး အားထုတ်နေစရာ မလိုပါဘူး ဟူ၍ ဟော ပြောနေကြသေးတာကို တွေ့ရှိရပါတယ်။

တရားနာကြားရုံနဲ့ သောတာပန် သကဒါဂါမိ အနာဂါမိ အရဟတ္တဖိုလ်သို့ တရားဆုံးသည်နှင့်-တပြိုင်နက် ချက်ခြင်း ရောက်သွား တည်သွားတဲ့ အလွန်အလွန် ပါရမီရင့်ကြသော

**ဥဿာဒ္ဒီတည်း။** ခေါ်-လွယ်ကူစွာ သိမြင်တတ်သော ပညာရှိပုဂ္ဂိုလ် **ဝိပဉ္စိတည်း။** ခေါ် အကျယ်ချဲ့ထွင်၍ သိမြင်တတ်သောပုဂ္ဂိုလ် အစရှိသော ပုဂ္ဂိုလ်ထူးများတို့သည် ဘုရား သက်တော်ထင်ရှား ရှိစဉ်က အမှန်ရှိကြပါတယ်။ ထိုပုဂ္ဂိုလ်ကြီး တို့သည် ပဌမ သာသနာနှစ်၊ တထောင်ထိအောင် အကြွင်းအကျန် အနည်းငယ် ရှိကြပါသေးတယ် ယခုသာသနာနှစ် (၂၅၀၀) ကျော်ခေတ်မှာ မရှိကြတော့ပါ အဲဒီဘုရားလက်ထက်က ဖြစ်တဲ့သာဓက ကလေးတွေကို တင်ပြပြီးအလွဲကိုဟောကြား နေကြပါတယ် ယခုသာသနာ(၂၅၀၀)ကျော်ခေတ်မှာ အရှင်း မမှန်ပါဘူး၊

မမှန်တဲ့အကြောင်းကို မူအတိုင်းနှင့်တင်ပြပါမယ် ယခုမြန်မာပြည် ရန်ကုန်မြို့တော်၌ ဆဋ္ဌသံဂါယနာ တင်နေကြသောထေရ်ကြီး ဝါကြီး-**ဆရာတော်ကြီးများက** အတိအလင်းရှင်းရှင်းကြီး အောက်ပါအတိုင်း ကျေညာခဲ့ခြင်း ဖြစ်ပါတယ်။

" **အဋ္ဌကထာ-သံဂါယနာ ပဌမသိန္ဒုပါတ သံဂါယနာ ဝိစစ်ခဏ်း-စာမျက်နှာ(၄၅)**တွင် ဖေါ်ပြထားသည်မှာ 'ဧတံ-ဟိုမှာဘက်ကမ်းသို့ရောက်အောင် ကူးသွားမည်ဆိုဟဲ့စကားများသည်၊ **ဝီရိယာရမ္ဘာသသမ္ဘဝါန်** လုံ့လဖြင့် အားထုတ်ခြင်း၏ **အဓိဝစနံ** အမည်ပေတည်းလို့ ဟောထားပါတယ် ဟိုဘက်ကမ်းဆိုတဲ့**နိဗ္ဗာန်ကို** ရောက်ချင်လျှင်**သမ္ဘဝါန်-** ဝိရိယနှင့်-အားထုတ်မှဘဲ ရောက်နိုင်ပါတယ် အားမထုတ်ဘဲနှင့်တော့။ မရောက်နိုင်ပါဘူး၊

## နိဗ္ဗာန်အချောင်သမားတွေ

အချို့က-တရားဆိုတာ အားထုတ်ဘို့ရန်- မလိုဘူးဆို ပြီးတော့ပြောဟောနေကြပါတယ် အဲဒါကတော့ အားမထုတ် ဘဲနဲ့ **နိဗ္ဗာန်ကို အချောင်ရောက်ချင်တဲ့ သူတွေ အ တွက် ကြိုက်လုံးပေးပြီးဟောတဲ့ တရားတွေ ပါဘဲ၊** အမှန်မှာတော့ အားမထုတ်လျှင်။ ဘယ်တော့မှ မရောက်နိုင် ပါဘူး မြတ်စွာဘုရားကိုယ်က အားထုတ်မှရောက်မယ်လို့ ဟော ထားခဲ့ပါတယ် ဟုဆုံးဖြတ်ထားကြပါတယ်။

---

## ဝိပဿနာတရားအားထုတ်နည်းနှင့် ပရိကံပြုနည်း

ဝိပဿနာကမ္မဋ္ဌာန်း၊ တရားကိုအားထုတ်ရာတွင် အ တိတ် ပစ္စုပ္ပန် အနာဂါတ် ကာလသုံးပါးတို့၌ ပြုလုပ်ပြီးကိစ္စ ပြုလုပ်နေစဉ်ကိစ္စ ပြုလုပ်ရန်ရှိသေးသောကိစ္စ အဝဝတို့မှ ဖြစ် ပေါ်လာတတ်သော စိတ်ရှုး စိတ်နှောက်များကို လက်သင့် မခံဘဲ မျက်စိကိုမှိတ်၍ဓါတ်ပေါ်မှု သဘောကလေးကို နာမ်က လိုက်၍-သိသိနေတုံး အချိန်ကလေးသည် ထိုကိလေသာ အကု သိုလ်စေတသိက်တို့ကိုနှင်ထုတ်ထားသောအချိန်ကာလနှင့်တူ၏။

၍ဝိပဿနာ တရားများ အားထုတ်ရာတွင် ပရမတ် ရုပ် ဓါတ်ကြီး လေးပါး တို့၏။ ပေါ်တတ်သော သဘော လက္ခဏာများကို ရှေ့ဦးစွာ သိအပ်လှပေသည်။ ထိုလေးပါး ဘို့ကား။ ပထဝီ အာပေါ ဝါယော တေဇော စသော အခံ ရုပ် ဓါတ်ကြီး တို့ပေတည်း။ ထို ဓါတ်ကြီးများ၏ သဘော။ လက္ခဏာများကို စုံလင်စွာ ရုပ်ခန်းတွင် ရှင်းပြခဲ့ပါပြီ။

တရားမထိုင်မှီ ရတနာသုံးပါးကို ရှိသေလေးစားသော အားဖြင့် မျက်နှာ-ခြေ လက်-ကိုယ်အင်္ဂါ အညစ် အကြေး ရှိလျှင် ဦးစွာ ရေနှင့် သန့်စင်ပါ ပြီးသောအခါ ငါးပါးသီလ သော်၎င်း၊ ရှစ်ပါးသီလ သော်၎င်း၊ နှစ်သက်ရာ သီလကို ခံယူ ၍။ ၎င်းနောက် အောက်ပါ ပရိကံ ပြုနည်း အတိုဆုံးကို ရွတ်ဆို အလေးပြုပြီးမှ တရားထိုင်ပါ။ ထိုင်သောအခါ မိမိ စွမ်းနိုင် သ လောက် ကြိုးစား၍ ခပ်ကြာကြာထိုင်ပါ အနည်းဆုံး (၁၀) မိနစ် လောက် ပဌမ အနေနှင့် ကြိုးစားပါ နောက် တဖြည်း ဖြည်း တိုး၍ တိုး၍ ထိုင်သွားပါလေ။

## ပရိကံ ပြုနည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ (၃) ကြိမ်

(၁) လောကုတ္တရာ တရား (၉) ပါး၏။ ကျင့်ဝတ်ပဋိပတ်ဖြင့် ဗုဒ္ဓံ မြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏။

(၂) လောကုတ္တရာ တရား (၉) ပါး၏။ ကျင့်ဝတ် ပဋိပတ် ဖြင့် ဓမ္မံ တရားတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏။

(၃) လောကုတ္တရာ တရား (၉) ပါး၏။ ကျင့်ဝတ် ပဋိပတ်ဖြင့် သံဃံ သံဃာတော် မြတ်တို့ကို ပူဇေမိ ပူဇော်ပါ၏။

(၄) လောကုတ္တရာ တရား (၉) ပါး၏။ ကျင့်ဝတ် ပဋိပတ်ဖြင့် ကမ္မဋ္ဌာန်း ဆရာတို့အား ပူဇေမိ ပူဇော်ပါ၏၊

(၅) သိကြား မြဟ္မာ နတ်ဒေဝါ အပေါင်း တို့သည် ဤ ကမ္မဋ္ဌာန်း ဝိပဿနာ အားထုတ်ခြင်း အောင်မြင် မှုကို ကူညီစောင်မ ကြပါစေ ကုန်သတည်း။

## လောကုတ္တရာ တရား (၉) ပါးကား

၁။ သောတာပတ္တိမဂ်။
၂။ သကဒါဂါမိမဂ်။
၃။ အနာဂါမိမဂ်။
၄။ အရဟတ္တမဂ်း
၅။ သောတာပတ္တိဖိုလ်။
၆။ သကဒါဂါမိဖိုလ်။
၇။ အနာဂါမိဖိုလ်။
၈။ အရဟတ္တဖိုလ်။

၉။ အသင်္ခတ နိဗ္ဗာန်။

တရားစ၍။ ရှုသောခါ။ မျက်စိကို ညင်သာစွာမှိတ်၊ အမျိုးသားများ ပလင်ခွေထိုင် ဘယ်လက်ဝါးအပေါ် ညာသက်ဝါးတင်၊ အမျိုးသမီးများ ကြို့ကြို့ထိုင် ဘယ်ဒူးပေါ်ကို ဘယ်လက်ဝါးတင် ညာဒူးပေါ်ကို ညာလက်ဝါးတင် ခန္ဓာ ကိုယ်ကို ဖြောင့်မတ်စွာထား ညည့်ဦးယံသော်၎င်း။ အာရုံတက် နံနက်အချိန် သော်၎င်း၊ ဆိတ်ငြိမ်သော အချိန်ကာလများသည်။ ပို၍ သင့်လျော်သည်။ အောက်ခံ-ထိုင်ဖုံ ထားလိုလျှင် အလယ်တွင်၊ လဲမွေ့ မခံသော မပါသော စောင်ကိုသော်၎င်း။ အိပ်ရာခင်းကို သော်၎င်း။ အသင့် အတင့်ခေါက်၍၊ အသုံးပြုနိုင်သည်။ သားရေ နယ်ကိုလည်း ခွင့်ပြုသည်။

မိုးလင်းသည်မှစ၍၊ နေဝင်မိုးချုပ်သည်အထိ အလုပ်မအားလပ်သောသူတို့ အဘို့ ၎င်းညချမ်း အချိန်သည်။ အသင့်တော်ဆုံး ပေတည်း။ အားလပ်ခွင့်ရရှိသော သူများအတွက်မူ။ မည်သည့်အချိန်မဆို တရားရှုရန် သဒ္ဓါတရားရှိ၍ အပြင်ပ အသံများ။ တိတ်ဆိတ်ငြိမ်သက်သော နေရာတိုင်းသည် သင့်လျော်၏။

တရားကိုစ၍ရှုသောအခါ၊ အတိတ်ပစ္စုပ္ပန် အနာဂါတ်ကာလသုံးပါးမှ ပြုလုပ်ခဲ့ပြီးသော၊ ပြုလုပ်လျက်နေသော ပြုလုပ်ရန်ရှိနေသေးသော အပြင်ပအာရုံ နိမိတ်ဟုခေါ်သော ကောင်းသော မကောင်းသော နိမိတ်အခြင်းအရာ တို့ကို နိုင်နင်းစွာ ပယ်ပြစ်၍၊ မိမိ၏စိတ်ကလေးကို ဦးခေါင်းထိပ်ပေါ်သို့ မှတ်သား၍ တင်ထားပြီးလျှင် ၎င်းစိတ်ကလေး ဦးခေါင်းထိပ်၌ ရှုမှုကို အာရုံစိုက် ဂရုပြု၍ထိုင်ပါ၊ ထိုချိန်ခါတွင် မိမိ၏ ရှေ့ဘဝများက ပါရမီခံ ရှိခဲ့ဘူးသလို ရပ်ဂါတ်ကြီးလေးပါး အနက်တပါးပါးသော ဂါတ်ကြီး၏၊ ရင်လက္ခဏာများ ခန္ဓာပေါ်တွင် ပေါ်ထွက်၍ ပြတတ်ပါသည်။ ထိုပေါ်မှုသည်။ ဥပမာ အားဖြင့် ကိုက်ခဲမှုသည်၎င်း။ တောင့်တင်းမှုသည်၎င်း။ နွေ့ရွ ဖြစ်မှုသည်၎င်း ကိုယ်ကြီး-ခေါင်းကြီး ဖြစ်မှုသည်၎င်း။ ရုပ်ဂါတ် တခုခု ပေါ်ပြခဲ့သော်။ ထိုဂါတ် ပေါ်မှုကို။ အာရုံစိုက်၍။ မလွှတ်အောင် နာမ်က လိုက်ပြီး။ အမြဲသိမှတ်နေပါ။ အကယ်၍ ထိုကဲ့သို့ ဂါတ်ပေါ်မှုချုပ်ငြိမ်း သွားပြန်သော် မိမိ စိတ်ကလေးကို၊ ဦးခေါင်းထိပ်ပေါ်သို့ ပြန်တင်ပါ အဲဒီနေရာကို။ အာရုံပြန်စိုက်ပြီး။ သတိမလစ်အောင် ရှုနေပါ။ သတိလစ်၍။ တခါတရံ အပြင်အာရုံများနောက်သို့ လိုက်ပါသွားတတ်မှုကို အထူးသတိပြုပါလေ။ ဒီလိုဖြစ်လဲ ဖြစ်တတ်ပါတယ်။ဤကဲ့သို့ စိတ်ကလေးကိုဦးခေါင်းထက်၌တင်ထား၍ သိမှတ်မှုကို အကြိမ်ကြိမ် မအောင်မြင်ပါမူ ဦးခေါင်း ပေါ်တွင် အဝတ်ကြိုးစီး၍၎င်း၊ သိုးမွေးခေါင်းစွပ် စွပ်၍၎င်း၊ ကောင်းစွာစီမံ ပြုလုပ်၍ ရှုပါ ထိုနေရာကို သိမှတ်မှု မြဲလာပါလိမ့်မည် ၎င်းသိမှတ်မှု မြဲလာသောအခါတွင် ထိုဝတ္ထုကို ဖယ်ရှား၍ ဆက်လက်ရှုပါ (ဤကား စိတ်အာရုံ သိမှတ်မှု မအောင်မြင်သူတို့အတွက် ဖြစ်သည်။)

တရားရှုနေစဉ် အတွင်း။ အထက်က ပြဆိုခဲ့သည့် အတိုင်း။ စိတ်ကလေးသည်၊ ဦးခေါင်းထိပ်တွင်ရင်း။ ရုပ်ဓါတ် လက္ခဏာများ ပေါ်မှုကိုရင်း။ တည်ငြိမ်သော သတိနှင့်“သိသိ” နေမှု တည်နေမှုကို ဝိပဿနာ အလိုအားဖြင့် “သမာဓိ” ဟူ၍ခေါ်သည်။

တရားထိုင်ရာတွင် တောင့်တင်း ကိုက်ခဲ ရွရွ မွမွ ကိုယ်ကြီး-ခေါင်းကြီး-ဖြစ်ပေါ်မှုတို့သည်။ အန္တ ပုထုဇဉ်တို့၏ အလိုအားဖြင့် ညောင်းလို့ ဖြစ်ပေါ်ကြတာဟု ပြောဆိုကြသည် ကမ္မဋ္ဌာန်းတရားအလိုအားဖြင့် ခန္ဓာဘွင်းရှိရုပ်ဓါတ်များ ဖေါက် ပြန်၍။ ပေါ်ပြခြင်းဟုခေါ်သည်။ အဲသလို ရုပ်ဓါတ် ပေါ်ပြမှု ကို နာမ်ကလိုက်၍။ သိမှတ် နေရလေသည်၊ လူတိုင်း လူတိုင်း တို့၏ ခန္ဓာ၌ သိတတ်သော အချိန် အရွယ်မှစ၍ ရုပ်ကို နာမ်က နိုင်းစေလာသည်မှာ ယနေ့ထိပင် ဖြစ်ကြသည်။ ဘယ်လိုများ ခိုင်းလာကြသနည်းဟူမူ ရိုက်လိုသောစိတ် ဖြစ်ပေါ်မှ ရုပ် က ရိုက်လိုက်၏။ စားခြင်သော စိတ်ဖြစ်လာမှ ရုပ်ကစား၏။ သွား ခြင်သော အာရုံညွှတ်လာမှ ရုပ်ကသွားလိုက်၏ ဓါတ်ပေါ် သော အချိန့်တွင် ရုပ်ပေါ်မှုကို နာမ်ကလိုက်၍ သိမှတ်ပေးရ သဖြင့် ထိုကဲ့သို့ နာမ်ကို ရုပ်က ခိုင်းနိုင်လာသော ယောဂီသည် ရင်း။ ရုပ် နာမ်ကို ခွဲခြား၍ သိသော ယောဂီသည်ရင်း။ အရိယာ အဖြစ်သို့ ရောက်ရှိပြီးဟူ၍ ယူဆကြရန် ဥာဏစာဂီ ဆရာတော် ကြီးက ဟောကြား၍ သာဓကများ တိတိကြကြ မငြင်းနိုင်အောင် တင်ပြ ဟောကြားထားသည်မှာ

(၁) နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ "**နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယံ** အနက်ကား နာမ် ရုပ်ကို ရှုပွားနေလျှင် အရိယာ သာဝကအဖြစ်ရ၏-တဲ့။"

(၂)မူလပဏ္ဏာသ အဋ္ဌကထာ၌ "**သာဝကာ ပန စတုန္နံ ဓါတူနံ ကေဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ** အနက်ကား ဓါတ်တပါးပါး ရှုပွား နေလျှင် အရိယာ သာဝက ဘွဲ့ကြီးရပါ၏ တဲ့။"

(၃) တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် နံပါတ် (၁၁၈) ကြောင်းရေ - ၁။ ဟံမူ၌ "**စတုန္နံ ဓါတူနံ အညတ္တတံ ပထဝီဓါတုယာ အာပေါဓါတုယာ ဝါတော ဓါတုယာ တေဇော ဓါတုယာ နတေဝ ဓမ္မေ အဝတ္တ ပသာဒေန သမ္ပန္နာ ဂတော အရိယ သာဝကော** အနက်ကား။ ဓါတ်လေးပါး ကွဲလွဲပုံတွေကို ရှုပွားနေသောယောဂီ များသည် အရိယာ သာဝက အဖြစ် ရ၏ တဲ့။"

(၄) သံယုတ် အဋ္ဌကထာ၌။ "**အရိယာ သာဝကာ နိယတ ဂတိကာ ပုထုဇ္ဇနာ အနိယတ ဂတိကာ**။ အနက်ကား၊ အရိယာသာဝက ဘွဲ့ရလျှင်။ လားရာဂတိမြဲ၏တဲ့။ ပုထုဇဉ်ဖြစ်လျှင်။ လားရာဂတိမမြဲဘူးတဲ့။"

## ဘုံသုံးပါး၌ သတ္တဝါတို့၏၊ လားရာဂတိ (၅) ပါးကား။

၁။ တိရစ္ဆာနဂတိ- တိရစ္ဆာန်အဖြစ်လားရခြင်း
၂။ ပေတဂတိ - ပြိတ္တာအဖြစ်လားရခြင်း။
၃။ နိရယဂတိ - ငရဲသို့ လားရခြင်း။
} ဂတိ-ဝိပတ္တိ ဒုဂ္ဂတိဘုံ။

၄။ မနုဿဂတိ - လူ၏အဖြစ်ကိုရခြင်း။
၅။ ဒေဝဂတိ - နတ်ဗြဟ္မာဖြစ်ရခြင်း။
} ဂတိ သမ္ပတ္တိ သုဂတိဘုံ။

ဘုံသုံးပါး၌။ လူသတ္တဝါတို့၏ လားရာဂတိ ငါးပါး ရှိရာတွင်။ ပုထုဇဉ်မှန်သမျှသော။ လူ-ရှင်ရဟန်း အပေါင်းတို့သည်။ လားရာဂတိ အတည်တကျ မရှိကြ၍။ ခန္ဓာချုပ်၍ အနိစ္စရောက်လျှင် ဆွမ်းသွပ်အမျှဝေကြရ၏ အရိယာသာဝက ဘွဲ့ရရှိပြီးသော။ ယောဂီဝင် သူတော်စဉ်တို့မှာကား လူ-နတ်-ဗြဟ္မာ အဖြစ်ကိုသာ ဘုရားဟောဒေသနာ နှင့်အညီ။ ခံစားစံစား ကြရမည် အမှန်ဖြစ်သောကြောင့်။ ခန္ဓာချုပ်၍ အနိစ္စရောက်လျှင် ဆွမ်းသွပ်အမျှဝေရန်-မလိုတော့ကြောင်း ကောင်းစွာမှတ်သား ထားအပ်လှပေသည်။

ဆရာတော်ကြီးက- အလွယ်တကူ မှတ်သားနိုင်စေရန် စပ်ဆိုထားသည်မှာ၊

ပေါ်သိပေါ်သိ နိဗ္ဗာန်ထိ၊
ပေါ်သိရှင်းလျှင် ရုပ်နာမ်ထင်-အမြင်ထွားကျိုင်းလာ။
ထွားကျိုင်းအမြင် ရုပ်နာမ်ထင်-လွင်စင်သက္ကာယ။
သက္ကာယစင်မှ လေးဝအပါယ် ဝေးကြမယ်တဲ့၊

အဲသည်လို၊ ရုပ်ဓါတ်ပေါ်မှုကလေးကို၊ ဟဒယ နှလုံးရုပ်မှာ။ ကိန်းဝပ်နေတဲ့နာမ်က။ လိုက်၍သိမှတ်နေသော အချိန်ကာလ ကလေး၌။ ကိလေသာ အကုသိုလ်စေတသိက်တို့ ခန္ဓာတွင်းသို့ ဝင်ရောက်ပူးကပ် နှောက်ယှက်ခြင်း မပြုနိုင် ကြတော့ချေ။ အကြောင်းသော်ကား စိတ်ကလေးသည် ရုပ်ဓါတ်ပေါ်မှုပေါ်တွင် အာရုံစိုက်၍ သမာဓိ တည်နေသောကြောင့်ပင်တည်း၊ ဤလိုလိုက်၍။ သိသိ-နေမှု အကြောင်းခံတရားကြောင့်။ ကိလေသာ အကုသိုလ် စေတသိက်တို့ တိတိကျကျ မိမိရရကြီး။ ခန္ဓာမှ ချုပ်ငြိမ်း ပျောက်ကွယ်မှု အကျိုးတရားကြီး ရရှိလေတော့၏။ ထိုကဲ့သို့။ ကိုယ်တိုင် အားထုတ်၍ ကိုယ်တိုင် သိလာသည်ကို။ အကြောင်း တရားရှိမှ။ အကျိုးတရား ဖြစ်ထွန်းနိုင်သော အသိဉာဏ်မျိုးဖြစ်သဖြင့်၊ ထိုအသိဉာဏ်မျိုးကို။ ပစ္စယ ပရိဂ္ဂဟဉာဏ်ဟူ၍။ ဉာဏ်စဉ် (၁၆)ပါးတွင် တပါးပြဆိုထားသည်။ တနည်းအားဖြင့် ဤလိုနှင်ထုတ်မှု ခဏတာမျှ အောင်မြင်သည်ကို။ ကိလေသာ အကုသိုလ်စေတသိက်တို့အား။ တဒင်္ဂပဟာန်အားဖြင့် ပယ်သတ်နိုင်ခြင်းဟူ၍ခေါ်သည်။ ဤနည်း အားဖြင့်-နေ့စဉ်မပြတ် ပွားများ၊အားထုတ်အပ်သည်ရှိသော်။ ဝါ၊နှင်ထုတ်အပ်သည်ရှိသော်၊ လေ့ကျင့်မှု အရှိန်ပြင်းထန်လာသဖြင့်။ လေ့ကျင့်စ အချိန်ကထက် ပိုမို၍ အချိန်ကြာမြင့်စွာ။ ၎င်းအကုသိုလ်တရားစုတို့ကို။ ခန္ဓာတွင်းမှ။ ပယ်ထုတ် ထားနိုင်ခြင်း ကြောင့်။ ဝါ၊ နှင်ထုတ်ထားနိုင်မှု အောင်မြင်နေခြင်းကြောင့်။- ဝါ၊ ပေါ်တာကို "သိမှု" သတိပြု တည်ငြိမ်၍ သမာဓိဖြစ်နေခြင်းကြောင့် ထိုကဲ့သို့ အချိန်အတန်ကြာကြာ အောင်မြင်မှုမျိုးကို။ ဝိက္ခမ္ဘနပဟာန်ဟု ခေါ်သည်၊ ဆက်လက်၍ကြီးထွားသော သဒ္ဓါတရား။

ကြီးထွားသော ဝီရိယလုံ့လနှင့် အားထုတ်ပွားများအပ်သည်ရှိသော်၊ ပြဆိုခဲ့ပြီးသော။ ကြောင်ဆိုးကလေးနှင့် ပမာတူသော။ ကိလေသာ အာရုံသိလ် စေတသိက်တို့သည်။ ခန္ဓာတွင်းသို့ ဝင်ခွင့်မရ။ နှောက်ယှက်ခွင့်မရ။ ပူးကပ်ခွင့် မရကြတော့ သဖြင့် အပြီးတိုင် ချုပ်ငြိမ်းကွယ်ပျောက် သွားရလေတော့၏။ ဤကဲ့သို့ ပြန်၍ မနှောက်ယှက် နိုင်အောင် ချုပ်ငြိမ်းခြင်း။ အောင်မြင်မှုမျိုးကို။ သမုစ္ဆေဒ ပဟာန်ဟုခေါ်သည်၊

ထို့ကြောင့် ဥာဏစာဂီဆရာတော်ကြီးက။ အကျဉ်းချုပ်အားဖြင့် ဩဝါဒပေးထားသည်မှာ။ ရုပ်ခါတ်ပေါ်မှု နာမ်ကလိုက်၍ရှု " ပေါ်သိ-ပေါ်သိ နိဗ္ဗာန်ထိ " ပေါ်သိနည်းလမ်း။ နိဗ္ဗာန်စခမ်းဟု မှတ်တန်းတင်၍။ ရုပ် စု-နာမ်စု ဖေါက်ပြန် မှုကိုကြံဖန်စေ့ငု စိုက်၍ရှုက။ ပေါ်သိလမ်းမှ၊ နိဗ္ဗူတသို့ မုချမသွေ ရောက်ရပေမည်ဟူ၍။ ဟောကြားထားလေသည်။

{ ဝိပဿနာ တရားအားထုတ်နည်းပြီး၏ }

---

## သမထ-နှင့် ဝိပဿနာကို ရှင်းပြခြင်း။

ကျွန်တော်သည်။ ဤကမ္မဋ္ဌာန်းတရား နှစ်မျိုးကို လိပ်ပတ်လည်အောင် ကိုယ်တိုင် လေ့ကျင့်၍ ယနေ့အထိ၊ တွေ့မြင်သိရှိရသည်များကို ရေးသားဖေါ်ပြပါအံ့၊ **သမထ-ကမ္မဋ္ဌာန်း၊** အမျိုးပေါင်း လေးဆယ်ရှိရာ။ ၎င်းတို့သည်ကား - ကသိုဏ်း (၁၀)ပါး။ အသုဘ (၁၀)ပါး၊ အနုဿတိ (၁၀) ပါး။ အပ္ပမညာ (၄)ပါး။ သညာ(၁)ပါး။ ဝဝတ္ထာန် (၁)ပါး အာရုပ္ပ(၄)ပါး အားဖြင့်။ ပေါင်းလေးဆယ်ရှိပါသည်၊

ထို သမထ ကမ္မဋ္ဌာန်း အမျိုးလေးဆယ်တို့တွင် **အာနာပါန သတိဟုဆိုအပ်သော** ဝင်သက်-ထွက်သက် ကို။ အာရုံပြု၍၊ အဖန်ဖန်ရှုရှိုက်ခြင်းသည် အနုဿတိဆယ်ပါး၌ တပါးပါဝင်လေသည်။ ထို့ကြောင့် အာနာ-ပါန **သမထ - ဘာဝနာသည် ဝင်သက် ထွက်သက် ရှုရှိုက် ခြင်း။** ကမ္မဋ္ဌာန်း တရားကိုဆိုလိုသည်၊ ဝိ-အထူး။ ပဿနာ-ရှုခြင်း။ "ဝိပဿနာ" ကမ္မဋ္ဌာန်းတရားသည်၊ **အထူးရှုခြင်းကို ဆိုလိုသည်။**

ကျွန်တော်သည်။ ပဋ္ဌမ-မူလ အလုပ်စခန်း ဝင်စဉ်က။ အာနာပါန ကမ္မဋ္ဌာန်းကိုရ၍ လေ့ကျင့်ခဲ့သည်။ ထိုစဉ်အခါက။ အာနာပါန ကမ္မဋ္ဌာန်းသည် **ရှုရှိုက်ရသည်** ဝိပဿနာ ကမ္မဋ္ဌာန်းသည် **အထူးရှုရသည် ဟူ၍လည်း** ခွဲခြား၍မသိခဲ့ပေ။ ပဋ္ဌမပြသော ဆရာကလည်း ခွဲခြား၍ ပြောမပြပါ။ မူလဆရာပြသောအတိုင်း။ ဝင်သက်-ထွက်သက်ကိုသာ ရှုရှိုက်ခဲ့ရာ တနှစ်ကျော်။ ၂-နှစ်လောက် ကြာသောအခါ။ သူ့အလို အလျောက် ရှုရှိုက်ခြင်း တဖြည်းဖြည်း အရှိန်သေ လာပြီးလျှင်။ ရှုတဲ့သဘောကို ကူးပြောင်းသွားခြင်းဖြစ်ပါတယ်။ ထိုအချိန်က ဤကဲ့သို့ ကူးပြောင်းသွားမှုကို။ အရှင်းနားမလည်သဖြင့်။ တထိုင်တည်းမှာပင် တခါနှစ်ခါ ပြန်၍ရှုရှိုက် ကြည့်ပါသေးတယ် သို့သော် အလိုလိုအရှိန်သေ အားနဲ့သွားပြီးလျှင် အထူးရှုသော စခန်းကို ပြန်၍ဆိုက်ပါတယ် ဤသို့ဖြစ်အင်ကို မိမိကိုယ်တိုင် ထိုအချိန်က မသိ- နားမလည်သောကြောင့် ညာဏစာရီ ဆရာတော်ကြီးထံသို့-အကျိုးအကြောင်း လျှောက်ထား သော အခါမှ- ဝိပဿနာ အထူးရှုသောစခန်းသို့ ကူးပြောင်းသွား

ကြောင်း- သိရှိရပါသည် ထိုအခါကြမှ ကျွန်တော်သည် အာနာ ပါန၊ ကမ္မဋ္ဌာန်းသည် ရှုရိုက်ခြင်းကို ဆိုလိုသည် ဝိပဿနာ ကမ္မဋ္ဌာန်းသည်-အထူး ရှုခြင်းကိုဆိုလိုသည် ဟု စိတ်မနေ့သထဲ၌ ကိုယ်တွေ့အားဖြင့် ခွဲခြား မှတ်သားထားလေသည်။

ဂေါတမမြတ်စွာဘုရားသည်။ အာနာ-ပါန-ကမ္မဋ္ဌာန်း ကို အစပြု၍လေ့ကျင့်ခဲ့သည်မှာ မှန်ပါ၏ သို့သော် ဘုရားအဖြစ် သို့ ရောက်သောအခါတွင် ရှုရိုက်ခြင်းမှ အထူးရှုသော စခမ်း ဝိပဿနာလမ်းသို့ ကူးပြောင်းသွားပါသည်။ ဤအခြင်းအရာကို သာဓကပြရလျှင် ဘုရားအလောင်းသည်။ မဟာဗောဓိပင်ရင်း ရွှေပလ္လင်ကိုရရှိတော်မူသောအခါ ရှေးနောင်တော် ဘုရားများ ၏ ကျင့်စဉ်ကို အာရုံပြု၍-အံနုလောမ ပဋိလောမအားဖြင့် အပြန် အလှန် အဖန်ဖန် ရှုဆင်ခြင်လေသော် ရှေးနောင်တော် ဘုရားတို့ သည်၊ ဤမည်သော ဗောဓိပင်ရင်း၌။ ဤမည်သော ဝိပဿနာကို ရှုတော်မူ၍ ဘုရားအဖြစ်ကို ရောက်တော်မူကြကြောင်း ထင်မြင် တွေ့ရှိရသည်နှင့် **ဝိပဿနာ-ကမ္မဋ္ဌာန်းကို** ပွားများတော် မူရာတွင် ကြီးထွားသော သမာဓိကိုရရှိ၍ ဒိဗ္ဗစက္ခုညာဏ်ကို သန်းခေါင်ယံအချိန်တွင် အောင်မြင်တော်မူလေသည်။

ထိုကြီးထွားသော သမာဓိ၏ အဟုန်ကြောင့် ကိလေသာ အကုသိုလ် စေသသိက်နှင့်တကွ ကာမဂုဏ်အာရုံတို့၌ စုံမက် တိမ်းညွတ်တတ်သော ကာမရာဂ ယောကျ်ား-မိန်းမတို့၏ မျက် နှာ ကိုယ်ပြင် ရုပ်အသွင်အရွယ်တို့ကို ထင်မြင်ကြံစည်တတ်သော သက်ပ္ပ ရာဂ-ဝတ္ထုကာမကို-မှီ၍ဖြစ်တတ်သော နီဝရဏအစရှိ သော မမ္ဘေားရန်အပေါင်းဘို့ကို အကြွင်းအကျန် မရှိအောင် တွန်းလှန်ပယ်ခွာနိုင်၍ မိုးသောက်ယံအကုန် နေ့အာရုဏ်ထွက်

သည်နှင့် သဗ္ဗညုတ ရွှေညာဏ်တော်ကိုရရှိ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

မြတ်စွာဘုရားသည် ခွန်နှစ်ရက်-ခွန်နှစ်လီ-သတ္တ သတ္တာဟ စံဝင်တော်မူရာတွင် ပဌမသတ္တာဟတွင် ဗောဓိပင်နှင့်လေးတောင်ကွာ အရှေ့မျက်နှာတွင် **ရွှေပလ္လင်ထက်၌** ထက်ဝယ်ဘွဲ့ခွေထိုင်နေတော်မူ၍ ပဋိစ္စသမုပ္ပါဒ် **အကြောင်းစွဲ၍–အကျိုးဖြစ်သော** ဘဝသံသရာ ကျင်လည်ကြောင်း တရားကြီးကို **ဝိပဿနာအားဖြင့်-အထူးရှုဆင်ခြင်တော် မူရာ၌** ဖလသမာပတ်ကို များစွာဝင်စားသဖြင့်။ သိကြားဗြဟ္မာ နတ်ဒေဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူလေသည်။

ဒုတိယ-သတ္တာဟတွင် ဘုရားရှင်သည် ရွှေပလ္လင်မှ ထတော်မူ၍ ဗောဓိပင်၏အရှေ့မြောက် (၁၄) လံ ကွာဝေးသော အရပ်၌ ရပ်တော်မူ၍ရွှေပလ္လင်သည် သဗ္ဗညုတညာဏ်တော်ကို ရတော်မူရာဌာနဟု မမှိတ်သော မျက်စိဖြင့် **အထူးရှုဆင်ခြင်တော်မူလျှက်** ခွန်နှစ်ရက် ပတ်လုံး နေတော် မူသည်။ (ဒီနေရာမှာ-အာနာပါနမလုပ်ဘော့ပါ၊)

ဤသာကေကား ဘုရားရှင်ကြီးသည် သားတော်ရာဟုလာ အမွေတောင်းသဖြင့် တရားမွေအမွေကို ပေးရာတွင် ဗိုမိ၍ ဝိပဿနာ၏ ထက်မြက်ကြောင်းထင်ရှားလှပေသည်၊ အကြောင်းကတော့ အလွန်တရာ တရားအတွေ့ ထက်မြက်တဲ့ **ဝိပဿနာတရားကိုစ၍ အရှုနိုင်းပါတယ် - အာနာ ပါန သမထ ရှုကြိုက်နည်းကို သင်မပေးပါ။**



မယ်တော်က–အမွေတောင်းရန် စေခိုင်းသောကြောင့်။ သားတော် ရာဟုလာ အမွေတောင်း လာရာတွင်။ အဖ–ဘုရားသခင်သည် သာသနာဘောင်သို့ သွတ်သွင်း၍။ ဓမ္မအမွေကို ပေးရာ၌ (ဝိပဿနာ) ပထဝီ ဓါတ်တရားကိုသာ။ ကိုယ်တော်တိုင် ဦးစွာ သင်ကြားပေးနေပုံ။

ရာဟုလာကို-အရှုခိုင်းသော တရားကား ပထဝီဓါတ်ခေါ် ရာဟုလ-အနိစ္စတော ဇာနတော ပဿတော သဏ္ဍာယ ဒိဋ္ဌိ ပဇာဟတိ အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ တဲ့။ အနက်ကား။ ရာဟုလ ချစ်သား-ရာဟုလာ။ ခေါ-စင်စစ် ပထဝီဓါတ် ပထဝီဓါတ်ကို(၀ါ)ဆုံကျင်ကိုက်ခဲ ရှရှမ္ဗမ္ဗ-ကဲတာကို အနိစ္စတော မမြဲဟူ၍။ ဖြစ်လျှင် ပျက်တတ်သော သဘောရှိသည်ဟူ၍ ဇာနတော သိသောသူအား-ရှု၍မြင်သောသူအား သဏ္ဍာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိတည်းဟူသော ခန္ဓာငါးပါး ဓါတ်ပေါင်းစုတရားတို့၌ သူငါဟုစွဲလမ်းမှု ပညတ် တရားစုတို့ကို ပဇာဟတိ စွန့်၏ အဝိဇ္ဇာတည်းဟူသော တရားမှန်မသိမှုကို ပဟီယတိ- ပယ်၏ အဝိဇ္ဇာကိုပယ်လျှင် ဝိဇ္ဇာတည်းဟူသော အသိဉာဏ် ပညာသည် ဥပ္ပဇ္ဇတိ-အလိုအလျှောက် ဖြစ်ပေါ်၍လာ၏ တဲ့။

ထို့ကြောင့် မည်သည့် ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းသည်ဖြစ်စေ မဂ်တရား-ဖိုလ်တရားများသို့ တက်လှမ်းရာတွင် ဝိပဿနာ ကမ္မဋ္ဌာန်းသို့ ရောက်ရှိပြီးမှသာ အောင်မြင်နိုင်ကြောင်း တွေ့ရှိရလေသည်။ မူလစ၍ တရားများကို အားထုတ်ရာတွင် **မိမိတို့ ကြိုက်နှစ်သက်ရာ အားသန်ရာ အာရုံကောင်းရာ သမာဓိရရာ ဌာနတခုခု၌ စ၍ အားထုတ်နိုင် ကြပါသော်လည်း** ဝိပဿနာ အထူးရှုသောစခမ်းသို့၊ ဆိုက်ရောက်ပြီးမှသာ၊ မဂ်-ဖိုလ် - နိဗ္ဗာန်သို့ ကူးဝင်နိုင်ကြောင်း သိအပ်လှပေသည်။

သမထ ဘာဝနာကို စ၍ လေ့ကျင့်ကြသော ယောဂီအပေါင်းတို့သည် ဝိပဿနာသို့ တဆင့် ကူးပြောင်းယူခြင်း မပြုကြဘဲ တရား၏, သဘော၊ သဘာဝအလျှောက်၊ တရား

အရှိန်နှင့် တရားကူးပြောင်းသွားခြင်းသည် ပိုမို၍ သဘာဝကျ သည်ဟု မိမိကိုယ်တွေ့အားဖြင့် ယူဆပါသည်။ ထို့ကြောင့် ရူပ အရူပဓော် မြဟ္မာ့ဘုံကို ရရှိအောင်မြင် နိုင်သော တရားသည် **သမထ ဘာဝနာဖြစ်၍ ၎င်းစခန်းကို သမာဓိ စခန်းဟုခေါ်သည်၊**

မဂ်-ဖိုလ်-နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အားထုတ်သော တရားသည်ကား **ဝိပဿနာ ကမ္မဋ္ဌာန်းဟုခေါ်၍** ၎င်း တရားကို **ပညာစခန်းဟု မှတ်ယူကြပါကုန်။**

ဤတရားနှစ်ပါး ကိစ္စနှင့်ပတ်သက်၍ စာအားဖြင့် ဆွေးနွေးကြသော ယောဂီများ ရှိကြသဖြင့် ပိုမို၍ ရှင်းသော သာဓကကို တင်ပြပါဦးအံ့။

ဘာဝနာ၏ အဓိပ္ပါယ်ကား ကမ္မဋ္ဌာန်း စီးဖြန်းခြင်း ပွားများခြင်းကို ခေါ်သည်။ ဘာဝနာ ပွားများရာ၌ နှစ်မျိုး နှစ်စားရှိရာဝယ်။-

(၁) **သမထ** ဘာဝနာသည် နီဝရဏ တရားတို့ကို ချုပ်ငြိမ်းစေ၍ ဈာန် သမာပတ်ကို ရကြောင်း ဖြစ်သည်။

(၂) ဝိပဿနာ ဘာဝနာသည် အနိစ္စ - ဒုက္ခ - အနတ္တ- သင်္ခါရ တရားတို့၏ လက္ခဏာကိုရှု၍ မဂ် - ဖိုလ် နိဗ္ဗာန်ကို ရကြောင်းဖြစ်သည်။

ရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးသော အခါ ဓမ္မစကြာတရားတော်ကို ဟောဖြစ်အောင် မြတ်စွာဘုရား

အား တောင်းပန်သူ **သဟံပတိဗြဟ္မာ**ကြီးသည် ကဿပ မြတ်စွာဘုရား၏ သာသနာတော်၌''**သဟက**''အမည်ရှိသော မထေရ်မြတ်ဖြစ်ခဲ့၏ ထိုမထေရ်ကြီးသည် တရားများကို အား ထုတ်ရာဘွင် ပဌမ ဈာန်ကို ရရှိ၍ ပြန်လွန်တော်မူသော အခါ ပဌမဈာန်၏ ကုသိုလ်ကောင်းမှုကြောင့် ဗြဟ္မာဘုံ၌ တကမ္ဘာ အသက်ရှည်သော ဗြဟ္မာကြီး ဖြစ်လေသည်။ ၎င်းအား ဗြဟ္မာ့ ဘုံ၌ **သဟံပတိဗြဟ္မာ** ဟူ၍ တဖန် သမုတ်ကြကုန်၏။ {မူလပဏ္ဏာသ အဋ္ဌကထာ ပါသရာသိသုတ်အဖွင့်။ သဂါထာ ဝဂ္ဂသံယုတ် အဋ္ဌကထာ ဗြဟ္မာသံယုတ်အဖွင့်။ ဗုဒ္ဓဝံသ အဋ္ဌ ကထာ၊ နိဒါန ဝဏ္ဏနာ}တို့၏ **အဆိုပေတည်း**။

ထိုအဋ္ဌကထာများ၏ စကားရပ်များအရ သမထ ဈာန် တရားများကို ပွားများသော ယောဂီများသည်ဗြဟ္မာဘုံကိုသာ ရနိုင် ရောက်နိုင်ကြောင်း ထင်ရှားနေပါသည်။ ယင်းသို့ တိကျ ခိုင်မာသော အကြောင်းများကြောင့် သမထ ကမ္မဋ္ဌာန်းကို အားထုတ်ကြကုန်သော ယောဂီတိုင်းသည် နိဗ္ဗာန်ရောက် ကြောင်း တရားများကို ရလို မျက်မှောက်ပြုလိုမူ ဝိပဿနာ ကမ္မဋ္ဌာန်းသို့ **ကူးပြောင်းရန် လိုအပ်သေးကြောင်း။**

**ကမ္မဋ္ဌာန်းတရားကို စ၍ မပွားများကြသေးသော ပုဂ္ဂိုလ်များ အစပြု၍ ပွားများလျက် နေကြကုန် သော ပုဂ္ဂိုလ်များ ဆုံးဖြတ်နိုင်စေခြင်း အကျိုးငှာ မျှော်ကိုး၍ မှန်မြတ်သော စိတ်ထားနှင့် ရှင်းပြ ရေးသားရပေသတည်း။**

## " စိရံတိဋ္ဌတု သဒ္ဓမ္မော "

သဒ္ဓမ္မော သူတော်ကောင်းတရားသည်။ စိရံ မြဲမြဲတာရှည် သာသနာတော် [ ၅၀၀၀ ] ပါတ်လုံး တိဋ္ဌတု တည်ပါစေသတည်း။

(သမထ ဝိပဿနာ ရှင်းပြခြင်းပြီး၏။)

---

## ယောဂီကြီး ဦးမြင့်သည်၊ ဦးပါကို စစ်တန်းပေးခြင်း အကျဉ်းချုပ်။

တောနယ်က၊ မေ့မိတ်ဆွေတဦး၊ ဦးပါသည် ရန်ကုန်မြို့သို့၊ ကမ္မဋ္ဌာန်းတရားကို လိုလားသော သဒ္ဓါတရားရှိလှသဖြင့် ရောက်ရှိလာရာ ယောဂီကြီး ခင်ဗျား– ကျွန်တော်တော့ ဥဘာဏ်စာဂီ ဆရာဇတာ်ကျောင်းသဲ မနေ့က ရောက်ခဲ့ပါပြီ၊ ဆရာတော်ကြီးတော့၊ နယ်က ကမ္မဋ္ဌာန်း ဋ္ဌာနအသီးသီးကို ဟောပြောရန် ကြွသွားလို့, ကျောင်းမှာ မဖူးမျှော်ခဲ့ရဘူး တရားလဲဝင်ထိုင်ပြီးခဲ့ပါပြီ၊ သို့သော် ရပ်ဝေး–ရပ်နီး၊ မြို့တွင်း–မြို့ပြင်၊နေရာအသီးသီးတို့မှ လာရောက်သော ပရိသတ်က အတော်လေး များတော့ တရားထိုင်ပြီး စစ်တန်းတော့ တယောက်စီ မရနိုင်ကြဘူး ကျွန်တော်လဲ တရားထိုင်ပြီး ပြန်လာခဲ့ပါတယ်။ ယောဂီကြီး ခံမြဲ ဒါနပြုတဲ့ စာအုပ်များလဲ ဘတ်ဘူးပါတယ်၊ ယောဂီကြီး ဗဟုသုတ ရှိသမျှကလေးကို ကျွန်တော့အား စစ်တန်း ပေးနိုင်မယ်ဆိုရင် အလွန်သင့်မြတ်ပါလိမ့်မယ်လို့, ပြောကြားပါတယ်။

ယောဂီ- တဘ်သ ရွှေ့။ မှတ်သ ရွှေ့ ဘော့၊ စစ်တန်းပေးနိုင်ပါသော်ကော၊ သို့သော် ကျောင်းက ဆရာဘော် သံဃာတော်များက ပို့ခွမ်းတာပေါ့။

(ပါ)- ဒါပေမယ်သို့ ယောဂီတွေကလဲ အတော်များတော့ ဆရာတော် သံဃာတော် များကိုလဲ အားနာစရာကြီးဘဲ၊ ယောဂီကြီးရဲ့။

ယောဂီ- ဒါဖြင့်ကျောင်းမှာတရားထိုင်သလို နာရီဝက်လောက် ဒီမှာ ဦးပါထိုင်ပြပါ၊ပြီးတော့ စစ်တန်းပေးတာပေါ့။ မသိတာ၊ မရှင်းတာလဲ ဆွေးနွေးပေါ့။ဒါပေမယ်လို့ ကျွန်တော် တခု ပြောလိုဘာက မေးသမျှကို သိသော ဖြေနိုင်သော ဆရာကြီးတဦး အနေနှင့် ယောဂီကြီးကို မယူဆစေခြင်ဘူး၊ ယောဂီကြီးဟာ မူလက လောကီ အင်္ဂလိပ်ကျောင်းထွက်ပါဘဲ သဒ္ဒါ - သင်္ဂြိုဟ် ပါဠိ တို့ကိုလဲ မသင်ဘူးပါဘူး မြန်မာစာ ရိုးရိုးဘဲ တတ်မြောက်ပါတယ်။သို့သော်လဲတရားအလုပ်စခမ်း။ ကိုယ်တွေ့ဝင်ပြီးမှ ဗဟုသုတနှင့် ဘာဝနာမယ ဉာဏ်အမြင်သံ ထွားကျိုင်းလာခြင်း ဖြစ်ပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်ဟာ။ အင်မတန် ကြယ်ပြန့်ပါဘယ်။ ဘယ်လောက်များ ကြယ်ပြန့်သလဲ ဆိုရင်၊ သမ္ဗာသမ္ဗုဒ္ဓသာ၊ အလုံးစုံသောတရားအပေါင်းတို့ကို မြတ်စွာဘုရား မှတပါး၊ အခြားမည်သူမျှ အကြွင်းအကျန်မရှိအောင် မသိနိုင်ကြဘူးတဲ့ ဦးပါရဲ့။

(ပါ)- ဟုတ်ကဲ့ - သိသမျှပေါ့ ယောဂီကြီးရာ။ ကျွန်တော် တရားစထိုင်မယ်။ အချိန်သာ မှတ်ထားပါ ဆရာကြီး။

ယောဂီ- ဦးပါ-နာရီဝက် စိသွားပြီ။ ကျွန်တော့ကို တရားထိုင်နေစဉ်အတွင်း ခန္ဓာမှာဖြစ်ပေါ်မှု အမှန်ကို ပြန်ပြောပြပါ။ ကျွန်တော် ဥပမာတခုပြောမယ်၊ စစ်မေးတဲ့ဆရာနဲ့ တရားစစ်ခံတဲ့ ပုဂ္ဂိုလ်ဟာ ဆေးဆရာနဲ့ လူမမာလိုဘဲ၊ ဝေဒနာခံစားတဲ့ လူနာက အမှန်ကို ပြောပြမှ ဆရာက ဆေးပေးတတ်တယ်။ ဒါဘာရောဂါ ဘဲ။ ဒါ ဟာ ပထဝီ လွန် ကဲ နေ တယ်။ ဒါ ဟာ တေဇောဓါတ်ငုတ်နေတယ်စသည်ဖြင့်၊တွက်ဆစ်ကြည့်ရပါတယ်။

(ပါ) - ဟုယ်ကဲ့- ကျွန်တော်ထိုင်လို့ စိတ်ထင်( ၁၀ )မိနစ်လောက်ကြာတော့ ခြေသလုံးတွေ တောင့်လာပါတယ်၊ပြီးခါနီး(၅)မိနစ်လောက် အလိုမှာ ရွတ-ရွတနှင့် ဦးခေါင်းထဲ ပေါ်လာပါတယ်၊ ဒါကို ကျွန်တော်အာရုံစိုက်ပြီး မှတ်နေတုန်း။အချိန်စိပြီကြားလို့ မျက်စိဖွင့်လိုက်တော့။မရှိတော့ဘူးပျောက်သွားကြပါတယ်။

ယောဂီ- ဦးပါ-အလုပ်တရား ဝင်တာဘယ်လောက် ကြာပြီလဲအတွေ့ကတော့ တယ် မညံ့လှပါဘူး တချို့ ပုဂ္ဂိုလ်တွေမှာ ဓါတ်ကို တော်တော်နဲ့ မတွေ့နိုင်ကြဘူး။

(ပါ) - ကျွန်တော်-အိမ်မှာတော့ ဟိုပုဂ္ဂိုလ်ပြော - ဒီပုဂ္ဂိုလ်ပြော၊ စာအုပ်လဲကြည့်နဲ့ ( ၆ )လ လောက်တော့ ရှိသွားပြီ ထင်ပါတယ် အိမ်မှာလဲ တခါတရံ ဒီလိုဘဲပေါ်ဘူးပါတယ်။ ဒါပေမဲ့ လို့ ကိုယ့်ဟာကို မဆုံးဖြတ် တတ်ပါဘူး။

ယောဂီ- ဦးပါဟာ-တောင်သူလယ်သမားအသက်အရွယ်ကလဲ အသင့်အတင့်ကြီးတော့ ငါးပါးသီလကိုတော့ လုံချုံမှာပေါ့ ဒီလိုလုံချုံမှလဲ တရားတွေ့လွယ်ပါတယ်။

(ပါ) - ဟုတ်ကဲ့- ကျွန်တော် မုသာဝါဒတော့ အတိအကျ မပြောနိုင်ဘူး ကျန်တဲ့ လေးပါးကိုတော့ ကောင်းကောင်းကြီး လုံချုံပါတယ်၊ ခင်ပွန်းသည်ကလဲ အနိစ္စ ရောက်သွားတော့ တယောက်ထည်း နေထိုင်ပြီး အေးအေးဆေးဆေးဘဲ တရားများ အားထုတ်နေပါတယ်။

ယောဂီ- အဲသည်လို သီလစင်ကြယ်လို့ တရားအတွေ့ ကောင်းတာပေါ့ ပါရမီလဲရှိတယ်လို့ ဆိုလိုပါတယ်။

(ပါ)- ဟုတ်ကဲ့ - အသက်အရွယ်ကလဲ နဲနဲ ဆိုးမလာတော့ ကြိုးစားပြီး သီလများ စောင့်ထိန်းရတာဘဲ။ လှခြင်ပခြင်စိတ် ပကာသန ဂုဏ်တွေလဲ မလိုခြင်ပါဘူး ဘဝကူး ကောင်းဘို့သာ ကြိုးစားနေပါတယ် ယောဂီကြီးရဲ့။

ယောဂီ- သာဓု - သာဓု - သာဓု၊ ဦးပါ တရား မဆိုင်ခင်က တောင့်တာ၊ တင်းတာ၊ ရွှတာတ ဖြစ်တာတွေဟာ မပေါ်ကြသေးဘူးပေါ့။

(ပါ)- မှန်ပါတယ် မဆိုင်ခင်ကတော့ ဒီလိုဖြစ်ပေါ်မှုတွေ မရှိသေးပါဘူး။

ယောဂီ- ကျွန်တော်တို့ ခန္ဓာကြီးဟာ မူလအစက ဓါတ်ကြီးလေးပါး ဓါတ်ငယ်လေးပါး ပေါင်းရှစ်ပါးတို့ ပေါင်းစုဖွဲ့စီးပြီး ပရမတ္ထမြူမှု ကလေးက အစပြု၍

ဓါတ်သဘောအားဖြင့် ထွားကျိုင်းလာခဲ့ပါတယ်၊ ပရမတ္တ သစ္စာနယ် အခေါ်အားဖြင့် ယခုတည်ရှိနေတဲ့ ခန္ဓာကြီးဟာ အာဂန္တုက ပရမတ် ဓါတ်သဘောခဲ သဘောတုံးကြီးလို့ ခေါ်ပါတယ်။ ဒီပရမတ်သဘောတုံးကြီးကို ကမ္ဘာသားတို့၏ ဝေါဟာရ ပညတ်နယ် အခေါ်အားဖြင့် **ဦးပါ**လို့ ပညတ် အမည်ပေးထားခြင်း ဖြစ်ပါတယ်။

(ပါ)- ဟုတ်ကဲ့ ဓါတ်အပြည့်ရှိနေတဲ့ ခန္ဓာကြီး**ပေါ့**။

ယောဂီ- ထိုပရမတ် ဓါတ်သဘောတုံးကလေးသည် အမိဝမ်းတွင်းမှ ကျွတ်လွတ်၍ အပြင်ဗဟိဒ္ဓ ပညတ်နယ်ထဲကို ရောက်လျှင် ရောက်ခြင်းပင် ကမ္ဘာသားတို့၏ ဝေါဟာရ ပညတ်**နယ်**အရ လိင်၏ ချပ်ကိုကြည့်၍ အကြမ်းအားဖြင့်မိန်းကလေး-ယောကျ်ားကလေးဟူ၍ပညတ်အမည်ပေးလိုက်ပါတယ်။ ၎င်းနောက် ခေါင်းကမဲမဲ အမွေးတွေကို ဆံပင်။ ဆံပင်အောက် ရှေ့တဲ့တဲ့က အနက်ဝိုင်းနှစ်ခုကို မျက်စေ့၊ အနက်ဝိုင်း နှစ်ခုကြားမှ အပေါက် နှစ်ခုနှင့် မို့မို့ကို နှာခေါင်း။ အဲဒီ နှာခေါင်းအောက်က အပေါက်ကြီးက ပစပ်။ နားရွက် - ကိုယ် စသည်ဖြင့် ပညတ်အမည်ပေးကြပါတယ် ၎င်းနောက် {လ} သားလောတ် ရှိလာတော့ အမည်ပေး အခမ်းအနားနှင့် မောင်လှ - မောင်ခ- မတင်မြင့် မခင်ခစာ ဟူ၍ မှည့်ခေါ်ကြပါတယ်။ **အဲ**ဒီက စပြီး အသက်အရွယ်လိုက်၍ ကိုလှ - ကိုခ- ဦးလှ-ဦးခ လို့ ခေါ်ကြပါတယ်၊ ဘုရားရှင်ဟောတော် မူသော

အတိုင်း ပရမတ္ထနယ်မှာ မိန်းမ-ယောကျ်ား ပုဂ္ဂိုလ် ရယ်လို့ မရအပ်-မရှိအပ်ပါ ပညတ် နယ်မှာတော့ ရှိပါတယ်။

(ပါ) - မှန်ပါတယ် ကမ္ဘာသားတို့၏ ပညတ်ခေါ်ရိုး ခေါ်စဉ် အတိုင်း ခေါ်နေကြပါတယ်။

ယောဂီ- အဲဒီ ပရမတ်ခါတ်တွေ အပြည့်ရှိတဲ့ ခန္ဓာ ကြီးဟာ။ ပရမတ္ထမြို့မှ ကလေးကစပြီး။ ဥပါဒ်ဖြစ်ခြင်း၊ ဘင်-ပျက်ခြင်း တရားစုတို့နဲ့ မှုတည် လာခဲ့သဖြင့်။ ဘုရားဟော တရားတော် အလိုအားဖြင့်။ တစက္ကန့် ထက် တစက္ကန့်။ တမိနစ်ထက် တမိနစ်။ တနာရီထက် တနာရီ။ တနေ့ထက် တနေ့။ တလထက် တလ။ တနှစ်ထက် တနှစ် ဖြစ်ပျက် ဖြစ်ပျက်နှင့် ဓါတ်တွေရင့်ကြက်ပြီးလျှင် ခန္ဓာတွင်းမှာ ဓါတ်များဖြစ်ပျက်မှု တဖွားဖွား ပြောင်းလဲနေသောကြောင့်။ ဦးပါ တရားမထိုင်ခင်က တောင့်တင်းမှုမရှိတဲ့ ဓါတ်တွေဟာ တရားထိုင်လိုက်တဲ့ အချိန်ထိအောင် ပါမလာတော့ဘဲ၊ တရားထိုင်နေတဲ့ အချိန်မှာ။ ဓါတ်သစ်တွေ ရောက် လာ လို့။ တောင့်တင်းမှု ရွရွ မှုတွေ ပေါ်လာပါတယ်။

(ပါ) - ဟုတ်ကဲ့-ဒီ သာဓကအတိုင်း တွက်ကြည့်ရင် မှန်တာ ပေါ့။

ယောဂီ- နောက်တခု သေချာစွာတွက်စစ်ကြည့်ပါ။ တရား မ ထိုင် ခင်က။ တောင့်တင်းကိုက်ခဲမှု မဖြစ်တဲ့ ဓါတ် တွေသာ-တရားထိုင်နေတုံး အချိန်ထိအောင် ပါလာ

ခဲ့လို့ရှိလျှင်။ တောင့်တင်း ကိုက်ခဲမှု ဖြစ်စရာ အကြောင်း မရှိတော့ပါ။ အဲဒီတော့ တရားမထိုင်မီက ဓါတ်များသည်။ တရားထိုင်နေတုံးအချိန်ထိအောင် ပါမလာခဲ့ကြောင်း။ ချုပ်ငြိမ်းသွားကြောင်း။ ဝဏ္ဏ ပစ္စည်းကို ကိုင်တွယ်ပြသကဲ့သို့ထင်ရှားနေပါတယ်။ **အဲဒါ-အနတ္တ သဘောအစစ်ပေါ့ဦးပါရဲ့။**

(ပါ)- မငြင်းနိုင်ပါဘူး ယောဂီကြီးရဲ့။

ယောဂီ- ဒီနည်းအတိုင်း။ ကိုယ်တွင်း၌ ဓါတ်များ တို့ သည်။ ဥပါဒ်-ဖြစ်ပေါ်ကြ၊ ဌီ-ဖြစ်ပေါ်ပြီးလျှင် ပျက်မှုကို ရှေ့ရှုသွားနေကြ။ ဘင်-နောက်ဆုံး၌ ပျက်ခြင်း သဘော သို့။ ဆိုက်ရောက် အဆုံးသတ် ရလေတော့၏။ သတ္တဝါဟူသမျှတို့သည်။ ဇာတိ-ဖြစ်ပေါ်ကြ။ ဇရာ ရင့်ကျက်၍။ မရဏ-သေဘေးကို ဦးတည်၍သွားနေကြ။ နောက်ဆုံး၌ မရဏ သေခြင်းသို့ ဆိုက်ရောက် ရလေတော့၏။ အင်မတန် ကြီးကျယ် ခိုင်မာတဲ့ ကမ္ဘာကြီးတောင်၊ နောက်ဆုံး သူ့အချိန်စိတော့ ပျက် ရသေးတယ်မဟုတ်လား၊ အဲဒီတော့ ကျွန်တော်တို့ရဲ့ ''အနိစ္စ'' မမြဲတဲ့ သဘောဟာ ရှင်းရှင်းကလေးပါ။ ဖြစ်ခြင်းရှိတဲ့ သဘောတရားစုမှန်သမျှ ပျက်ခြင်းသာ နောက်ဆုံး ရှိပါတယ် ဦးပါရဲ့။ **အဲဒါ အနိစ္စ သဘောပေါ့။**

(ပါ)- ရှင်းတာပေါ့ဆရာကြီးရဲ့။သတ္တဝါတွေဟာဒီသဘော တွေ ပေါက်အောင် နားမလည်ကြတော့-ခက်ထာဘဲ၊

ယောဂီ- ခန္ဓာကြီးရဲ့ အတွင်းအပြင် ဓါတ်တွေဟာ။ ဒီလိုဘဲ မနားမနေ ဥပါဒ်-ဋ္ဌီ-ဘင် သဘောနှင့် - ဇာတိရရှိ လျှင်။ ဇရာ-မရဏ ဘေးတို့အမြဲဖိစီး နှိပ်စက် လောင် ကျွမ်း နေသော။ ဒီ ရုပ်ကလပ်စုတွေဟာ။ ကောင်း သော။ သက်သာသော။ ချမ်းသာသော သဘော။ ဘယ်မှာ ရှိတော့မှာလဲ ဦးပါရဲ့။ ဒါကြောင့်- ဒုက္ခ သစ္စာတရားမှာ ဟောထားတာက။ ရုပ်-နာမ် နှစ်ပါး တို့၏ ခံစားမှု စံစားမှုဟူသမျှကို စင်စစ် **ဒုက္ခ** ချည်း ဘဲတဲ့။ ရုပ်-နာမ် နှစ်ပါး တည်နေသမျှ။ ဒုက္ခနဲ့ မကင်းဘူးတဲ့ **အဲဒါ-ဒုက္ခ သဘောပေါ့။**

(ပါ)- ဟုတ်ကဲ့- ဆက်ရှင်းပါအုံး။

ယောဂီ- ဦးပါ- တရားမထိုင်ခင်က။ တောင့်ခြင်း။ တင်းခြင်း မဖြစ်ဘူး ဟုတ်ကဲ့လား။

(ပါ)- ဟုတ်ပါတယ်။

ယောဂီ- တရားထိုင်လိုက်တော့မှ တောင့်တင်းကိုက်ခဲ လာကြ တယ်၊ နောက်-တရားထိုင်မှုကို ဖျက်သိမ်းလိုက်တော့ တောင့်တာ တင်းတာတွေ ပျောက်သွားကြပြန်တယ်။ အဲဒါဟာ ခန္ဓာထဲမှာ ဓါတ်တွေ ဖေါက်ပြန် နေကြ တယ်ဆိုတာ မထင်ရှားဘူးလား။ ဒါကြောင့်မို့။ ရုပ် ခမ်းမှာ ဖေါက်ပြန်တတ်သော ရုပ်တစုလို့ အဓိပ္ပါယ် ပေးထားပါတယ်။ ဒီလိုခန္ဓာထဲမှာ ဓါတ်တွေ ရှိလို့ ဖေါက်ပြန်နေကြတယ်ဆိုတာ ဦးပါယုံကြည်ရဲ့လား **အဲဒါ သက္ကာယဒိဋ္ဌိ ငါစွဲ ကွာကြောင်း တရားပေါ့။**

(ပါ)- ယုံကြည်ပါတယ်။

ယောဂီ- ဦးပါ တရားကို နားလည်အောင်။ ယုံကြည်လောက်အောင်။ သာဓကနဲ့ ရှင်းပြနေရတော့ နဲနဲရှည်တယ်မျှ အဲဒါ ခပ်တိုတို ရှင်းပေးနေသေးတာ။ ယောဂီကြီးက ယောဂီကြီးလိုဘဲ သိစေခြင်တဲ့သဘောနဲ့။ သေသေချာချာ ရှင်းပြနေပါတယ် သည်းခံသာ တရားနာပါ၊

(ပါ)- ဆရာကြီး။ ကျွန်တော့အဘွက်မပူနဲ့ တရားနာရလို့ ထမင်းတနပ် ငတ်ပေစေ။ ကျွန်တော်က ဆရာကြီး စိတ်မရှည်မှာသာ တွေးပြီး။ စိုးရိမ်အားနာနေတာ၊

ယောဂီ- ကောင်းပါပြီ ဦးပါ။ ယခု နေထိုင် ကောင်းနေတာ ဟာ။ အတွင်းဓါတ်တွေမျှတနေလို့ဘဲမှတ်ပါ။ ဓါတ်တွေ မမျှတကြဘဲ။ လွန်ကဲရင် ချပ်လျော့ ချို့ယွင်းနေရင်။ ခေါင်းကိုက် နာစေး ချောင်းဆိုး ကိုယ်ပူ ဗိုက်နာ လေပူတက် အစာမကြေ။ မစားခြင် မသောက်ခြင် စသော ဝေဒနာတွေဟာ။ အတွင်းဓါတ်တွေ ဖေါက်ပြန်မှုဟူ၍မှတ်ပါ။ ဒီလိုဓါတ်တွေဟာ သူ့သဘော သူဆောင်ပြီး ဖြစ်ပျက်နေကြတာကို။ ငါ့ကိုယ် ငါ့ခန္ဓာ ငါပိုင်တယ်လို့ထင်နေကြတဲ့ ပုထုဇဉ် လူပြိန်းတွေက ဓါတ်တွေ ဒီလို မဖြစ်ကြနဲ့။ ငါ နေထိုင် ကောင်းအောင် မျှမျှတတနေကြလို့ အမိန့်ပေးလို့ကောရပါ ရဲ့လား။

(ပါ)- ဘယ်ရမလဲ ဆရာကြီးရယ်။

ယောဂီ- ဒါဖြင့်။ အတ္တ ငါ့ကိုယ်။ ငါ့ခန္ဓာ။ ငါ့ခြေ။ ငါ့လက် ငါသွားတယ်၊ ငါစားတယ်ဆိုတာ မဟုတ်ဘူးပေါ့။ ဓါတ်သဘောတွေပေါ့၊

(ပါ)- ရှင်းပြတဲ့ သာဓကအတိုင်းဆိုရင် ပရမတ္ထ သစ္စာနယ် အနေနဲ့ ဘယ်ငြင်းနိုင်မလဲ ဆရာကြီးရဲ့။

ယောဂီ- ဒီလောက်ထိအောင် ယုံကြည်လာရင် အတ္တ ငါစွဲ ခေါ်တဲ့။ သက္ကာယဒိဋ္ဌိ ပြုတ်ထာပေါ့ အဲဒါ ယောဂီ ကြီး ရှင်းပြလို့ သုတမယဉာဏ်သိသာ ရှိသေးတယ် ဘာဝနာမယ ဉာဏ်နဲ့ ထိုးထွင်း၊ ထင်မြင်အောင် ပေါက်အောင် ဆင်ခြင်သုံးသပ်၍ အထပ်ထပ် မပြတ် မလတ် ရှုရမယ်။ အဲဒီတော့မှ မနောထဲမှာ အနိစ္စ ဒုက္ခ အနတ္တ-လက္ခဏာရေးသုံးပါးကို ရှု၍သိသော သမ္မသ န ဉာဏ်ကို ဆိုက်လာလိမ့်မယ်။

(ပါ)- ဟုတ်ကဲ့ ဒီအထိရှင်းသွားပါပြီ။

ယောဂီ- ဦးပါ-တရားထိုင်နေတုန်းက ရှုတ-ရှုတ-ရှုရှု-မှုမှု ကလေးကို အာရုံစိုက်ပြီး လိုက်သိမှတ်နေတယ် လို့ ပြောပါတယ်။ အဲဒီ-ရှုရှု-မှုမှု ဟာ ဘာဓါတ် ပေါ် တာလို့ထင်သလဲ။

(ပါ)- ပထဝီ ရုပ်ဓါတ်လက္ခဏာလို့ ကျွန်တော်ထင်ပါတယ်

ယောဂီ- အဲဒီရုပ်ဓါတ် ပေါ်တာကို ဘယ်သူက လိုက်သိ နေသလဲ။

(ပါ)- စိတ်က လိုက်သိနေပါတယ်။

ယောဂီ- ဒီတော့ ပေါ်တာကရုပ် သိတာကနာမ် နှစ်ခုပေါင်း တော့။ **ပေါ်သိ** ဖြစ်သွားတာပေါ့။ ဆရာတော်

ကြီးရဲ့ မူလဩဝါဒ မှတ်တန်း တင်ထား တာဟာ ပေါ်သိပေါ်သိ နိဗ္ဗာန်ထိတဲ့။ ဆိုလိုတာက ပေါ်သိ တရားနှစ်ပါးထဲနဲ့ လမ်းဆုံးနိဗ္ဗာန် အရောက်မြန် တဲ့ ကိုယ်တွေ့ အလုပ်စခန်းဘဲတဲ့။ ရှင်းပလား ဦးပါရဲ့။

(ပါ)- ဟုတ်ကဲ့၊ ပေါ်သိ-ရှင်းပါပြီ။

ယောဂီ- အရင်တရားမထိုင်ခင်တုံးကတော့ ငါသိတယ် တချို့ ကလဲ ခေါင်းထဲကဘဲ လိုက်သိနေတယ်လို့ ထင်နေကြ တယ်။ ယခုရှင်းပြတော့ ရူရူ=မှုမှု ပထဝီ ရုပ်ဓါတ် လက္ခဏာ ပေါ်တာက ခေါင်းပေါ်က။ ဒါကိုလိုက်သိ နေတာက။ရင်ဝနှစ်လုံးဘူးမှာ အောင်းနေတဲ့ 'မနက' သိတာ။ ဒီတော့ရုပ်နှင့်နာမ် နှစ်ခုပေါင်းမှ သိမှုတခုဖြစ် မြောက်နိုင်တာ ထင်ရှားတာပေါ့။ ဒီလို ရုပ်နှင့်နာမ် ခွဲခြား သိမှုကို။ နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ် ပါတယ် ဒီဉာဏ်တွေကို ဆိုက်အောင် တရားကို မှန် မှန် အားထုတ်ပေးပါ။

(ပါ)- ဟုတ်ကဲ့ ကျွန်တော်ပြန်သွားရင် အထူးကြိုးစားပါ့မယ်

ယောဂီ- တရားထိုင်နေတုံးမှာ တောင့်တင်းမှုကို အာရုံစိုက်သိ နေတော့ ကိလေသာ အကုသိုလ် စေသသိက်များ ဝင်လာသေးသလား။

(ပါ)- တခါလောက် ဝင်ပါတယ် သို့သော် လက်မခံဘဲ ပယ်ပြစ်ပါတယ်။

ယောဂီ- တရားထိုင်တဲ့ အချိန်မှာ ဒီလိုပယ်တတ်တဲ့ အကျင့် ရတော့။ နောက်တရား မထိုင်တဲ့အချိန်မှာလဲ အကျင့်

ရပြီး ဒီတရားဆိုးတွေကို လက်မခံတော့ဘူး။ ရပ်ထဲ ရွာထဲမှာ ဒီကိစ္စတွေကို ဒီလိုလေ့ကျင့်ပြီး နှင်ထုတ် ရတယ်လို့ မသိကြတော့ အမှုမဲ့ အမှတ်မဲ့ နေကြပြီး အကြည်ဒွါရ ငါးပေါက်က မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့ထိတိုင်း **ရာဂ လောဘ ဒေါသ။ မောဟ။ ဣဿာ။ မစ္ဆရိယ** တရား ဆိုးတွေ တဖွားဖွားပေါ်တာကိုလက်ခံစဉ်းစားပြီးနေ ကြပါတယ်။ တရားခွင်ဝင်လိုက်တော့ အဲဒီတရား ဆိုးတွေ။ ဝင်ခွင့် ကပ်ခွင့် ပူးခွင့် မရကြ တော့ဘူး အဲဒီနည်းနဲ့ နှင်ထုတ်ရင် အောင်မြင်တာပေါ့။ ဒါ ကြောင့်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ အာရုံငါးပါးကို ( ကာမဂုဏ် ငါးပါး လို့လဲ ခေါ်ပါတယ်။)

(ပါ)- အော်-ကာမဂုဏ်ငါးပါးဆိုတာ သူတို့ကိုခေါ်သလား

ယောဂီ- မှန်ပါတယ် ဦးပါ။ အဲဒီအာရုံငါးပါးကို ကာမဂုဏ် ငါးပါးလို့လဲခေါ်ပါတယ်။ အကြည်ဒွါရငါးပါးကို ဣန္ဒြေငါးပါး ဣန္ဒြိယ သံဝရ သီလ ငါးပါးလို့လဲ ခေါ်ပါတယ်။ တရားထိုင်နေတုံးမှာ ဣန္ဒြေငါးပါး လုံခြုံနေပါတယ်။ မျက်စိမှိတ်ထားတော့။ (၁) ရူပါ ရုံ အဆင်းတွေမြင်မှု လုံခြုံနေပါတယ်။ (၂) နား ကလဲ ဘယ်အသံကိုမှ အာရုံမပြု နားမထောင်ဘဲ။ သိမှု ပေါ်မှာငြိမ်ပြီး သတိပြုနေပါတယ်၊ (၃) နှာခေါင်း ကလဲ ဘယ်အနံ့မှ ကရုပြု မရှူမရှိုက်ဘဲ၊ ကမ္မဋ္ဌာန်း တရားပေါ်မှာ အာရုံစိုက်ရှုနေပါတယ်၊ (၄) ပါးစပ်

ကလဲ စားခြင်တဲ့ အာရုံတွေဖြတ်ပြီးပိတ်ထားပါတယ် (၅)ကိုယ်ကလဲ သွားခြင် လာခြင်တာတွေ။ ယားယံတာတွေ။ ထိတွေ့မှုတွေကို သည်းခံပြီး ငြိမ်ထိုင်နေပါတယ်။အဲဒီစက္ခုန္ဒြေ-သောတိန္ဒြေ-ဃာနိန္ဒြေ-ဇိဝှိန္ဒြေ-ကာယိန္ဒြေဆိုတဲ့ ဣန္ဒြိယသံဝရ သီလငါးပါး။ ဝါ-ဣန္ဒြေ ငါးပါးကိုလဲ တိတိကျကျ မိမိရရကြီး လုံခြုံနေပါတယ်၊ ကမ္မဋ္ဌာန်းကိုအာရုံမပြုတဲ့၊ ပုထုဇဉ်ကမ္ဘာသူကမ္ဘာသားတွေဟာ တနေ့ တနေ့လျှင်မြောက်များလှစွာသော အကုသိုလ်တရားဆိုး တွေကို ကြူးလွန်မှောက်မှားနေကြတာဟာ။ မြင်မှု ကြားမှု နံမှု စားမှု တွေ့ထိမှု ဆိုတဲ့ အကြည်ဒွါရငါးပေါက် မှားကြလို့ပါဘဲ။ ဒီငါးပေါက်ဟာ တကယ် စဉ်းစား ကြည့်ရင် အတော် ကြောက်စရာ ကောင်းပါတယ်။ သတ္တဝါတွေကို။ နွေ့စဉ် အပါယ်ငရဲပို့နေတာ။ သူတို့ ငါးပေါက်ပါဘဲ။ ဒါကြောင့် သူတို့ ငါးပေါက်ကို သမ္မာဒိဋ္ဌိဆိုတဲ့ အမှန်တရား လမ်းကြောင်း ရောက်အောင် ကြိုးစားအားထုတ်ကြရမယ်။ ဒီလို အမှန်လမ်းရောက်အောင် အားမထုတ် သသိမမှုကြဘဲ။ အဲဒီ ငါးပေါက် မှားကြရင်တော့။ ငါးပါးမှောက်ကြလိမ့်မယ်ဆိုတာ။ ယုံကြည်ပါဦးပါရဲ့။ ဒီ ငါးပါး မှောက်မှ, ကြောက်စရာ ကောင်းတာ ဦးပါရဲ့။

(ပါ)- ဟုတ်ကဲ့ ဒီတရားတွေတော့ အတော်လေး သဘောပေါက်သွားပါပြီ ဆရာကြီး။ စိတ်ဓါတ်ကလေး အကြောင်း တော့ နဲနဲသိခြင်ပါသေးတယ်။

ယောဂီ-ခကောင်းပါပြီ။ ကျွန်တော်တရားထိုင်ပြတဲ့ ပြောတုံးက ဦးပါတရားထိုင်မယ်လို့-ပဌမဦး စိတ်ထဲမှာ ညွတ်မလာဘူးလား။ဒီလိုညွတ်လာပြီးတော့မှ၊ထုံးစံအတိုင်း ပလင်ခွေပြီး ထိုင်လိုက်တယ်မဟုတ်လား။

(ပါ) - မှန်ပါတယ် ဒီအတိုင်းပါဘဲ။

ယောဂီ- ဒီစိတ်ဓါတ်ကလေးဟာ ''သိတတ်'' ခြင်း၊''ညွတ်'' တတ်ခြင်းသဘောဘဲရှိတယ်။ ခန္ဓာကိုယ်ကြီး လှုပ်ရှားသွားလာ-ထရိုက်-မှု ဖြစ်အောင် သူက ဘာမျှမလုပ်နိုင်ဘူး၊ စေတနာနှင့် ဝါယော-လေဓါတ်၏ အကူအညီရမှ လှုပ်ရှားသွားလာမှု ဖြစ်နိုင်ပါတယ်။

(ပါ). = ဆရာကြီး ကျွန်တော်ဘော့ စိတ်ကြောင့် သွားလာလှုပ်ရှားမှုဖြစ်နေတယ်လို့ ယုံကြည်နေပါတယ်။များသောအားဖြင့် ဒီလိုဘဲ ထင်မြင်ယူဆနေကြပါတယ်။

ယောဂီ - ကောင်းပါပြီ - အဲ့ဒါကို ပြေလည် အောင် ရှင်း ပါအုံးမယ်။ ခန္ဓာထဲမှာ ရှိတဲ့။ ဝါယော လေဓါတ် ခြောက်ပါးကို .( ရုပ်ခမ်းတွင် ရှင်းပြခဲ့ပါပြီ ) **အင်္ဂမင်္ဂါနုသာရီ-ဝါယောလေသည်-** ခန္ဓာ တကိုယ်လုံး အနှံ့အပြား အင်္ဂါကြီးငယ်ဟူသမျှတို့ကို အမြဲသွားလာ နေကြပါတယ်။ အဲဒီလေနှင့်သွေးတို့သည် **နှာမ်စိတ်- အောင်းနေတဲ့-ဟဒယနှလုံး၊** ရုပ်ထဲက အစပြု၍ တကိုယ်လုံးကိုပြန့်နှံ့နေပါတယ်။အမှန်စင်စစ်က ဦးပါ့ရဲ့စိတ်က

တရားထိုင်မယ်လို့ ညွှတ်လိုက်တော့ ထိုင်ခြင်းတဲ့စေတနာက ဝါယောလေဓါတ်ကို ပြုပြင်စေ့ဆော် ပေးလိုက်လို့ ဦးပါဟာ ပလင်ခွေပြီး ထိုင်လိုက်ပါတယ်။ ဒီတော့ (၁) စိတ်က ညွှတ်ပေးတယ်။ (၂) စေတနာက ပြုပြင်စေ့ဆော်ပေးတယ်။ (၃) ဝါယောလေဓါတ်က လှုပ်ရှားပေးတယ်။ ဒီတရားသုံးပါးပြည့်စုံမှ ''ထိုင်'' မှုတခု အောင်မြင်ပြည့်စုံပါတယ်။ သို့သော် လျှပ်စစ်ဓါတ်လို။ လျင်မြန် အကျင့်ရနေသဖြင့် ဝိပဿနာဉာဏ်မျက်စိရှိတဲ့။ အရိယာပုဂ္ဂိုလ်မှ လွဲ၍ ပုထုဇဉ် လူသားတို့ဟာ။ စိတ်က မြူလုပ် လို့သာ အသက်ရှိလို့သာ ထိုင်တယ်- ထတယ်- သွားတယ် စားတယ်-ဟု ထင်မြင်နေကြပါတယ်။

(ပါ) - ဆရာကြီး အမှန်ပြောရရင် ကျွန်တော်လဲ ယခုအချိန် ထိအောင် ဒီလိုဘဲ ယုံကြည် နေပါသေးတယ်။ ဒါကြောင့် ဒီနည်းထက်ပိုရှင်းတဲ့ သာဓက သက်သေနှင့် ရှင်းပြရင်တော့ သာကောင်းပါလိမ့်မယ်။ ဒီ တော့ မှ ပုထုဇဉ်သားတွေဟာ တရားကိုပိုပြီး ယုံကြည်လာမှာ ဆရာကြီးရဲ့။

ယောဂီ- ကောင်းပါပြီ ပုထုဇဉ်သားများ မငြင်းနိုင်တဲ့ သာဓကတခုကို တင်ပြမယ်။ ဦးပါ- ခြေတဖက် လက်တဖက် လေငန်းရောဂါ စွဲကပ်နေတဲ့ လူတယောက်ကို မြင်ဘူး တွေ့ဘူးသလား။

(ပါ) - ဟုတ်ကဲ့ မြင်ဘူးပါတယ်။

ယောဂီ- ဒီလို ဖြစ် နေ တာ ဟာ ဒီလူ၏ ခြေနှင့် လက်များသို့ သွေးလေမသွားဘဲ ပိတ်လို့ရင်လဲ ဖြစ်ရမယ်။ သွေးလေ သွားလာမှု နဂိုသိအတိုင်း မရှိဘဲ ရပ်လျော့ ချို့ယွင်းလို့ရင်လဲ ဖြစ်ရမယ်။သို့သော် သူဟာ ဓါတ်များ အားလုံး မချုပ်သေး၊ မသေသေးလို့ ရုပ် နှင့် နာမ် တော့ ရှိသေးတာပေါ့။

(ပါ) - ဘယ်သေအုံးမလဲ၊ ခြေတဖက် လက် တ ဖက် သာ မမြောက်နိုင် မလှုပ်နိုင်ဘဲ ဒရွတ်ဆွဲနေတဲ့ဆရာကြီးရဲ့

ယောဂီ - ကောင်းပါပြီ- အဲဒီလူဟာ မသေသေးဘူး ဆိုတော့ မနောစိတ်ဓါတ် ရှိနေသေးတာပေါ့၊ သူဟာတွဲလဲဖြစ်နေတဲ့ ခြေနဲ့လက်ကို လှမ်းခြင် ကိုင်ခြင်တဲ့စိတ် အမြဲ မညွှတ်ပေဘူးလား။

(ပါ) - ဆရာကြီးနှယ် လှုပ်မရလို့သာ သူ့စိတ်က သိပ်သွားခြင်-လာခြင်- ကိုင်တွယ်ခြင်တာပေါ့- စိတ်ကလဲ အမြဲညွှတ်တာပေါ့။

ယောဂီ - အဲဒီလို စိတ်ကလဲညွှတ် စေဘ်နာကသဲ ပြုပြင် စေ့ဆော် အားပေးနေတာ သွားနိုင်ရဲ့လား၊ ကိုင်နိုင်ရဲ့လား၊ ထုရိုက်နိုင်ရဲ့လား။

(ပါ) - သွားလို့ ကိုင်လို့ မရပါဘူး။

ယောဂီ - ဒါဖြင့် စိတ်ကြောင့်ဒင်း- ဇီဝိတ အသက် ရှိ၍ဒင်း။ သတ္တဝါတွေ သွားလာနေကြတယ်။ ကိုင်တွယ်နေကြတယ်။ စားသောက် နေကြတယ်လို့ ထင်မြင် နေကြ

တာဟာ မမှန်ဘူးပေါ့။ ဒီတော့ ဝါယော လေဓါတ် ပိတ်ဆို့ ချုံ့ယွင်းနေလို့လိုနေလို့ မလှုပ်ရှားဘူး ဆို တာ ထင်ရှားရောပေါ့။

(ပါ) - ဒီလိုဆို ဘယ်ငြင်းနိုင်မလဲ ဆရာကြီးရဲ့ - ရှင်းပြတဲ့ အတိုင်း လက်တွေ့အားဖြင့် မှန်နေပါတယ်။

ယောဂီ- ဟုတ်ကဲ့ -ဒါကြောင့် ရှင်တော်ဘုရား၏ အဘိဓမ္မာ- ပရမတ္ထတရားများ၏အလိုအားဖြင့်၊ကျား-မ-ဇီဝိတ အသက်မရှိ ပကတိဓါတ်သဘော ဆောင်နေကဲ့ အာ ဂန္တုက ဓါတ်ကောင်တွေ မျှသာ ဖြစ်ကြဘယ်လို့ ဟောကြား ထားခဲ့တာကို မှန်ကန်ကြောင်း မျက်မြင် သာဓကများနှင့် ယောဂီကြီးက ရှင်ပြခြင်း ဖြစ်ပါ တယ်။ (ဒီတော့ ဒိဋ္ဌိ ဝိကိစ္ဆာ ကွာရောပေါ့။)

(ပါ) - ကျွန်တော်ယခု- ဆရာကြီးရှင်းပြတဲ့ အတိုင်း ယုံကြည် ပါပြီ။

ယောဂီ- ကိုင်း နောက်တခါ သိခြင်တာရှိသေးရင် လာခဲ့တာ ပေါ့။ ယခု ၁၁-နာရီ ကျော်သွားပြီ၊ ကျွန်တော်လဲ နံနက်စာ စားချိန်နီးလာပြီ။ ဦးပါ ကျွန်တော်နဲ့ဘဲ အ တူတူ သုံးဆောင်သွားပေါ့။

(ပါ) - ကိစ္စမရှိပါဘူးဆရာကြီး တဲအိမ်က ကျွန်တော့အတွက် စီမံထားပါတယ်- ကျွန်တော် ဦးတင်ခဲ့ ပါတယ် ဆရာကြီး သွားခွင့်ပြုပါ။

ယောဂီ- သာဓု-သာဓု-သာဓု တရားများဆက်လက်၍ ယုံကြည်လေးစားစွာနှင့် အားထုတ်သဖြင့် တရားထူးများကို ရက်တိုတို ဘဝတိုတိုနှင့် ရောက်လွယ် ရလွယ်သော ရုပ်နာမ်နှစ်ပါး ဖြစ်ပါစေသတည်း။

စာတန်းပြီးပါပြီ။

---

## ယောဂီတိုင်း၌၊ ခေါင်းပါးအပ်၊ မရှိအပ်သော တရားစုများ။

ပဋိပတ် တရားဌာနတိုင်း၌ တရားတော်ကို ရိုသေစွာ အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့၏ အဇ္ဈတ္တ၌ ခေါင်းပါးအပ်၊မရှိအပ်သောတိုတရားစုများကို မိမိခန္ဓာတွင်း၌၊ ရှိ-မရှိနှု[illegible] စစ်ဆေးကြည့်ရှုကြကုန်သော ယောဂီများသည် ကမ္မဋ္ဌာန်း အချက်ကို အမြဲရှုနေခြင်းပေတည်း။

၁။ ဗုဒ္ဓစကား အယူမှား လိုက်စားမရှိအပ်။

၂။ ရတနာသုံးပါး သံသယပွါး ဆောင်ထားမရှိအပ်။

၃။ ဒေါသဘရား ပူလောင်ပြား တိုးပွါးမရှိအပ်။

၄။ ပြ ဂုဏ်စကား သူတပါး ဆိုပြားမရှိအပ်။

၅။ ဝန်တိုစိတ်ထား အကုသိုလ်တရား ပြောကြားမရှိအပ်။

၆။ စိုးရိမ်ပူပန် ကုက္ကုစ္စ လက်ခံမရှိအပ်။

၇။ လိုလားဘောင်တ လပ်လာဘ ဝင်စားမရှိအပ်။

၈။ တွေဝေမသိ မောဟဖိ အရှင်းမရှိအပ်။

၉။ မာနဟူသမျှ အကုသလ လုံးဝမရှိအပ်။

၁၀။ မကောင်းပြုကြောင်းအရှက်ပေါင်း လွန်ကြောင်းမရှိအပ်။

၁၁၊ မကောင်းပြုရာ ထိတ်လန့်မပါ လေ့လာမရှိအပ်၊

၁၂။ စိတ်မခန့်ငြား ထိနတရား လိုက်စားမရှိအပ်၊

၁၃။ ထိုင်းမှိုင်းပျင်းရိ မိဒ္ဓမိ သိမ်းဆီးမရှိအပ်။

၁၄။ ပြန့်လွင့်စိတ်ထား ဖြစ်ပေါ်ငြား ခံစားမရှိအပ်။

၁၅၊ ကာမစ္ဆန္ဒတရား အာရုံပွါး ဝင်စားမရှိအပ်။

၁၆။ ဘဝရာဂ ဖြစ်ပေါ်က ရှုစားမရှိအပ်။

ထိုတရားစု ငြိမ်းအောင်ရှု ရေးကိုမှုနိဗ္ဗုတာ၊

---

## ကမ္မဋ္ဌာန်းအလုပ်စခမ်းကိုစ၍ဝင်ကြသော ယောဂီများ၊ ပြုအပ် လေ့လာအပ်သော မင်္ဂလာတရားတော်များ။

**ဂါရဝေါစ**(၁) ဘုရား တရား သံဃာစသော ရတနာသုံးပါးတို့ကို မမေ့မလျော့ရှိခိုး ပူဇော်ခြင်း ပြုအပ်၏။

(၂)ဆရာမိဘ၊ သက်ကြီး ဝါကြီး ပညာရှိ အရိယာသူတော်ကောင်းများကို ဗုဒ္ဓ ဘာသာဝင် လူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း မြင်တိုင်းတွေ့တိုင်း ထွက်ခွါတိုင်း လက်အုပ်ချီ၍ နှုတ်ခွန်း ဆက်သ ဂါရဝပြုခြင်း ပြုလုပ်အပ်၏။

**နိဝါတော စ**- မိမိ၌ရှိအပ်ပြီးသော ဆွေမျိုးဂုဏ် ဥစ္စာပစ္စည်း ဂုဏ် အရိပ် အာဝါသဂုဏ် ရာထူးဂုဏ် ပညာဂုဏ် ရူပဂုဏ် စသော မာနတရားတို့ကို နှိမ့်ချခြင်း ပြုအပ်၏။

**သန္တုဋ္ဌိ စ**- ရောက်ရှိသော နေရာဌာနတိုင်း၌ နေရာ ထိုင်ခင်း ပစ္စည်း အသုံးအဆောင် ဝတ်စားတန်ဆာ စားသောက်မှုတို့၌ ရောင့်ရဲတင်းတိမ် ချိုးခြံခြင်း ပြုအပ်၏။

**ကတညုတာ စ**- မိမိအားပြုခဲ့ဘူးသော ကျေးဇူးကို နည်းသည် များသည် ကြီးသည် ငယ်သည်မဟူ သိအပ်တုန့်ပြန်ပြုအပ်၏။

**ကာလေန ဓမ္မဿဝနံ**- မိမိသန္တာန်၌ အကုသိုလ်တရားတို့ ဖြစ်ပေါ်လာသော အချိန်တွင် တရားတော်ကို ဘာတ်ရှုကြားနာခြင်း ပြုအပ်၏။

ဤတရားစုများသည် မင်္ဂလာတရား များ အလို့ငှာ အားထုတ်ကြရာ၌ ခံနေတတ်သော တရားစုများပေတည်း။

## သိကြားအမေးနှင့် ဘုရားအဖြေ။

**မေး** - အရှင်ဘုရား များစွာသော လူတို့သည် ဘေးရန် ကင်းရှင်းစွာ ဒဏ်ကင်းရှင်းစွာ ရန်ငြိုးမဲ့ကြောင့်ကြ ကင်းရှင်းစွာ နေလိုကြပါကုန်လျက် မနေကြရဘဲ ဘေးရန်တွေ့ကာ ဒဏ်သင့်ကာ နေကြရပါကုန် သည် ထိုသို့ဖြစ်ရခြင်းကား အဘယ်ကြောင့် ပါ နည်း။

**ဖြေ** - သိကြားမင်း များစွာသော လူတို့သည် ငြူစူမှု ဇူဿ၊ ဝန်တိုမှု မစ္ဆရိယ တရားများ နှိပ်စက်နေသော ကြောင့်၊ ဘေးရန်တွေ့ကာ ဒဏ်သင့်ကာ ငြိုးရန်မ ကြောင့်ကြမှုကာ နေကြရလေသည်။ (သုတ်မဟာ ဝါ-သက္ကပဉှသုတ် ၂၂၀)

---

## မစ္ဆရိယ ဝန်တိုခြင်း တရား (၅) ပါးကား

၁။ လာဘမစ္ဆရိယ သူတပါး ဥစ္စာ ပစ္စည်း ရရှိသည်ကို မလိုလား ဝန်တိုခြင်း။

၂။ ဝဏ္ဏမစ္ဆရိယ သူတပါးအဆင်းလှ ချောမောသည်ကို မလိုလား ဝန်တိုခြင်း။

၃။ အာဝါသမစ္ဆရိယ သူတပါး အိမ်ရာ တိုက်တာ ကောင်း မွန်သည်ကို မလိုလား ဝန်တိုခြင်း။

၄။ ကုလမစ္ဆရိယ သူတပါး အမျိုးမြတ်၍ အခြွေအရံ များသည်ကို မလိုလား ဝန်တိုခြင်း။

၅။ ဓမ္မမစ္ဆရိယ သူတပါး စာပေကျမ်းဂန် တတ်မြောက်သည်ကို မလိုလား ဝန်တိုခြင်း။

---

ဤတရား (၆) ပါးတို့သည် တရား အလုပ် စခမ်း ဝင်ကြသော ပုဂ္ဂိုလ်များအတွက် သင့်လျော် အသုံးကျသဖြင့် သတိမူကြစေရန် ဟု ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

## ပျင်းရိခြင်းအပြစ် (၆) ပါး

၁။ ချမ်းအေးလှသည်ဟု အလုပ်လစ်ဟင်းခြင်း။

၂။ ပူလှသေးသည်ဟု အလုပ်လစ်ဟင်းခြင်း။

၃။ စောလွန်းသေးသည်ဟု အလုပ်လစ်ဟင်းခြင်း။

၄။ အချိန်နှောင်း မိုးချုပ်ပြီဟု အလုပ်လစ်ဟင်းခြင်း။

၅။ ဆာမွတ်လှသေးသည်ဟု အလုပ်လစ်ဟင်းခြင်း။

၆။ စားပြီးစ ဝမ်းပြည့်အင့်သည်ဟု အလုပ်လစ်ဟင်းခြင်း။

**အေးသည်-ပူသည်-မိုးချုပ်သည် နှင့် စောသည် ဆာသည်-ပြည့်အင့်သည်-** ခြောက်မည်လူပျင်းမျိုး။

(သုတ်ပါထေယျ သင်္ဂါလသုတ် ၁၄၉)

## ဆွေးနွေးမေးမြန်းခြင်း (၆) ပါး

၁။ မသိနားမလည်၍ မေးခြင်း၊
၂။ မိမိအသိနှင့် တူမတူ သေချာလို၍ မေးခြင်း။
၃။ အရည်အခြင်း အဆင့်အတန်းကို သိလို၍မေးခြင်း၊
၄။ မိမိအသိဉာဏ်ဂုဏ်ကို ထင်ရှားစေလို၍မေးခြင်း။
၅။ တဖက်သားကို ချိုးနှိမ်လို၍ မေးခြင်း။
၆။ တဖက်သားအပေါ် ဆရာလုပ်လို၍ မေးခြင်း။

မိမိထက် ဂုဏ-ဝယ-ဝုဍ္ဍ ကြီးသူများအား ပြစ်မှားရှုတ်ချ မပြုအပ်။ ပြုမိပါက ဆူးကျဖက်ပေါက်၊ ဖက်ကျ ဖက်ပေါက်။ မိမိသာလျှင် အပြစ်ရှိခြေသည်။ (စိတ်ထား ကောင်းလျှင် ကုသိုလ်ရ၏၊ စိတ်ထားမကောင်းလျှင် အကုသိုလ်ဖြစ်၏။ စိတ်ထား ကောင်း မကောင်း မိမိခန္ဓာကိုအရင်စစ်ဆေးပြီးမှ ဆွေးနွေးမေးမြန်းအပ်၏။)

---

ဤတရားစာအုပ်ကို အသင်းအဖွဲ့များအတွက် ဝေငှရန် အများအပြားမရနိုင်ပါ။ ဝိပဿနာ ကမ္မဋ္ဌာန်းကို အမှန် အားထုတ် ကြသောယောဂီများ လွယ်ကူစေရန် အကူအညီ ဖြစ်သောကြောင့် ကိုယ်တိုင်သော်ရင်း စာအားဖြင့်သော်ရင်း တောင်းယူရရှိနိုင်ပါသည်။

ယောဂီ ဦးမြင့် (မဏ္ဍိုမရပ်ကွက်)
၂၁၆။ ၂၅-ဃမ်း ရန်ကုန်မြို့တော်

# ဝိဝင်္ဂလိုမှ - ညပုံအတိုင်းရှု၊ ကျံကုသိုလ်အပေါင်းဝင်္ဂကြောင်း



ရေးသားပုံနှိပ်ထုတ်ဝေသူ ကောင်းမှုရှင်
ယောဂီ ဦးမြှင်၏ပုံ။